ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ပရိယတ္တိပညာရေး စီမံကိန်းအရ

စနစ်သစ်ပထမပြန်စာမေးပွဲ

## ပထမငယ်တန်းအတွက်

## ဗုဒ္ဓဘာသာ မြန်မာစာ

# လင်္ကာနှင့်စကားပြေ

# လက်ရွေးစင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၈ ၁၉၈၆

၁၇၇၉၈


ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ပရိယတ္တိပညာရေး စီမံကိန်းအရ

စနစ်သစ်ပထမပြန်စာမေးပွဲ


# ပထမငယ်တန်းအတွက်

# ဗုဒ္ဓဘာသာ မြန်မာစာ

# သက်သန့်စကားပြေ

# လက်ရွေးစင်


ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၈ ၁၉၈၆

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

၁၇၇၉၈

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆရာများအတွက် မှာထားချက် .... .... | ၁ |
| ၂။ | ရှင်မဟာရဋ္ဌသာရ အတ္ထုပ္ပတ္တိ .... .... | ၅ |
| ၃။ | အမြတ်ငါးဆူ .... .... .... | ၇ |
| ၄။ | စဉ့်ပါဆရာတော် အတ္ထုပ္ပတ္တိ .... .... | ၈ |
| ၅။ | မြတ်ပညာ .... .... .... | ၉ |
| ၆။ | လယ်တီဆရာတော် အတ္ထုပ္ပတ္တိ .... .... | ၁၂ |
| ၇။ | မောင်ရှောင်နီ ဆုံးမစာ.... .... .... | ၁၄ |
| ၈။ | ကျီးသဲလေးထပ်ဆရာတော် အတ္ထုပ္ပတ္တိ .... | ၁၅ |
| ၉။ | သိဒ္ဓတ္ထမင်းသား တောထွက်တော်မူခြင်း .... | ၁၆ |
| ၁၀။ | ဘုရားအလောင်းဒုက္ကရစရိယာကျင့်တော်မူခြင်း .... | ၂၃ |
| ၁၁။ | ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း .... .... | ၂၈ |
| ၁၂။ | မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း .... | ၃၁ |
| ၁၃။ | မဟာအောင်မြေဘုံစံ ဆရာတော်အတ္ထုပ္ပတ္တိ .... | ၄၄ |
| ၁၄။ | သိရိမာ ပြည့်တန်ဆာမဝတ္ထု .... .... | ၄၆ |
| ၁၅။ | ကုမ္ဘဃောသကသဌေးသားဝတ္ထု .... .... | ၅၄ |
| ၁၆။ | ခက်ဆစ်အဖြေ (နမူနာ) .... .... | ၆၇ |

# ဆရာများအတွက် မှာထားချက်

၁။ ပထမငယ်တန်းအတွက် ဗုဒ္ဓဘာသာမြန်မာစာ ပြဋ္ဌာန်းကျမ်းစာတွင် စာပေအမျိုးအစားအားဖြင့် လင်္ကာနှင့်စကားပြေ နှစ်မျိုးနှစ်စား ပါဝင်သည်။ လင်္ကာအမျိုးအစားတွင် လေးလုံးစပ် ဧကပိုဒ်ရတု ဆုံးမစာတေးထပ်၊ ပညာပေး လေးဆစ်ချိုးများ ဤစာအုပ်၌ပါဝင်သည်။ စကားပြေအမျိုးအစားတွင် ဇိနတ္ထပကာသနီ ဗုဒ္ဓဝင်ကောက်နုတ်ချက် ဓမ္မပဒအဋ္ဌကထာ မြန်မာပြန်ကောက်နုတ်ချက်များ ပါဝင်သည်။

၂။ ထို့ပြင် ကောက်နုတ်ချက်ပါ လင်္ကာစကားပြေတို့ကို ဖွဲ့ဆိုရေးသား ပြုစုပေးသွားကြသော စာပေကျေးဇူးရှင် ဆရာတော်ဘုရားများ၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်များကို ဖော်ပြထားပါသည်။ ဤသို့ဖော်ပြထားသဖြင့် စာပေကိုလေ့လာရာတွင် အထောက်အကူပြုသည့်အပြင် စာသင်သား ရဟန်းသာမဏေများအနေဖြင့် ရှေးဆရာမြတ်တို့၏ ကျေးဇူးဂုဏ်ကို သိရှိပြီး စာပေအလိမ္မာနယ်၌ ပျော်မွေ့လာစေနိုင်မည် ဖြစ်သည်။

၃။ ဆရာများအနေဖြင့် လင်္ကာကိုသင်သောအခါ ဤသို့ သင်အပ်သည်၊ ပထမဦးစွာ လင်္ကာကို ကျကျနနဖတ်တတ်အောင် ဆရာလုပ်သူက ရှေ့က ကြောင်းပေးရမည်။ တပည့်တို့ကို လက်တွေ့လိုက်ဆိုစေရမည်။ ဤသို့ဖတ်ရှုလိုက်ဆိုစေရာတွင် ဂီတသံပေါက်အောင်ဆိုရန်မဟုတ် စာသံပီသ ကြည်မြအောင်သာ ဆိုစေရန်ဖြစ်သည်။

၄။ ကျကျနန ဖတ်တတ်ပြီဆိုလျှင် လင်္ကာစာပိုဒ်ထဲ၌ပါသော စကားလုံးဝေါဟာရ ခက်နိုးရာရာကို ရွေးပြီး အဓိပ္ပာယ်ရှင်းပြရမည်။ ယင်းသို့သင်ပြသော စကားလုံးခက်ဆစ် ရှင်းလင်းချက်ကို တပည့်တို့အား ရေးမှတ်စေရမည်။

၃။ စကားလုံး ခက်ဆစ်များ ရှင်းလင်းပြောပြပြီးနောက် ယင်းလင်္ကာ (ကဗျာ)ကို စကားပြေပြန်ပေးရမည်၊ စကားပြေပြန်ကို တပည့်တို့အား ရေးမှတ်စေရမည်၊ ထို့ပြင် ဤလင်္ကာက ဘာကိုဆိုလိုသည်၊ ဘာကို ရည်ရွယ်သည်၊ ဤလင်္ကာ (ကဗျာ)ကို သင်သဖြင့် မည်သို့သော ဗဟုသုတ များရရှိသည် စသည်ကို ဆရာလုပ်သူက ပြောပြပေးရမည်။

၆။ တပည့်တို့အနေဖြင့် သင်ပြသော လင်္ကာ (ကဗျာ)ကို ကျကျနန ပိုင်နိုင်စွာဖတ်တတ်ပြီး စကားလုံး ခက်ဆစ်အဓိပ္ပါယ်များကိုလည်း သိရှိပြီး၊ စကားပြေလည်း ပြန်တတ်ပြီဆိုလျှင် ယင်း လင်္ကာ (ကဗျာ)ကို အာဂုံ ရအောင် ကျက်စေရမည်၊ ရ-မရ အလွတ်ပြန်ဆိုခိုင်းရမည်။

၇။ စကားပြေကို ဤသို့သင်အပ်သည်၊ ပထမဦးစွာ အဖြတ်အတောက် မှန်မှန်ကန်ကန် အသံထွက်မှန်မှန်ကန်ကန်ဖြစ်အောင် စာသင်သားတို့အား အဖတ်ခိုင်းရမည်။ စာ ဆိုသကဲ့သို့ တဦးတယောက်အားသာ ဖတ်ခိုင်း ခြင်းမျိုးမဟုတ် အားလုံးကို ဖတ်ခိုင်းရမည်။ သို့မှ အားလုံးအလေ့အကျင့် ရမည်ဖြစ်သည်။

၈။ ဖတ်တတ်ပြီးလျှင် စကားပြေထဲမှာပါသော ပေါရာဏ ဝေါဟာရ ခက်ဆစ်များကို ထုတ်၍ အဓိပ္ပါယ်ပြောပြမှတ်သားစေရမည်။ ထို့နောက် မိမိသင်ပြသော စကားပြေ အကြောင်းအရာ၏ အနှစ်ချုပ်ကို ဆရာလုပ်သူ က ထုတ်နှုတ်ပြောပြရမည်၊ ပါဝင်သော အချက်အလက်များထဲကမည်သည့် အချက်က အရေးကြီးသည်။ မည်သည့်အချက်က အရေးမကြီးစသည် ဖြင့် ပိုင်းခြားနားလည်အောင် ဆရာက နည်းပေးလမ်းပြ ပြုလုပ်ရမည်။ သော့ချက်ကျသော စကားလုံးများကိုလည်း မှတ်သားစေရမည်။ ဤသို့ မှတ်သားစေပြီး သင်ပြသော စကားပြေကို ကျေညက်အောင် ဖတ်ရှုထား စေရမည်၊

၉။ ထို့ပြင် လင်္ကာ စကားပြေ နှစ်ရပ်ထဲမှ ပေါရာဏ ဝေါဟာရစကားလုံးများ၏ အဓိပ္ပါယ်ကို ရေးသားစေခြင်း ထိုစကားလုံးများဖြင့် အဓိပ္ပါယ်ကောင်းသော ဝါကျများ ရေးသားစေခြင်းများကို သင်ပြပေးရမည်၊ အထူးသဖြင့် ခုနစ်ရက်လျှင် တစ်ကြိမ်ကျ မြန်မာစာကို လေ့ကျင့်ရေးသားစေရမည်။ ဆရာလုပ်သူက မေးခွန်းများထုတ်ပေးပြီး တပည့်တို့အား ရေးဖြေစေရမည်၊ ထိုအဖြေလွှာများကို ဆရာက စစ်ဆေးပေးရမည်။ နောက်စာသင်ချိန်တချိန်၌ မည်သူက မည်သို့ရေးသည်၊ မှန်သည်၊ မှားသည်၊ မည်သို့ရေးမှကောင်းသည် စသည်တို့ကို ဆရာက နည်းပေးလမ်းပြ ပြုလုပ်ရမည်။ သတ်ပုံမှန်စေရန်လည်း အရေးယူဆောင်ရွက်ရမည်။

၁၀။ မိမိသင်ပြနေသော ကောက်နုတ်ချက် လင်္ကာ စကားပြေကို ပြုစုသည့်စာရေးဆရာတော်၏ အတ္ထုပ္ပတ်ကိုလည်း သင်ပြရမည်။ယင်းသို့သင်ပြသောအခါ ယိုဆရာတော်ပေါ်ထွန်းသောခေတ်၊ ထိုဆရာတော်၏မိဘမျိုးရိုးဇာတိ၊ ထိုဆရာတော်၏ စာပေအရည်အချင်း ထိုဆရာတော်၏ ဆောင်ရွက်ချက်များကို စာသင်သားတို့ မှတ်မိသိရှိစေရန် ဆရာလုပ်သူက ဖေါ်ထုတ်ညွှန်ကြားပေးရမည်။ ယင်းသို့ သင်ပြပေးသောအခါ စာသင်သားတို့သန္တာန်၌ ကျေးဇူးသိတတ်သောစိတ်၊ စာပေနှင့် သာသနာ စာပေနှင့် လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်များ ကိန်းအောင်းလာအောင် ဆရာလုပ်သူက ဆွဲဆောင်သင်ကြားပေးရမည်။

၁၁။ မြန်မာစာကို သင်ပြသောဆရာသည် မြန်မာစာကို များများဖတ်ရှု၍ ဗဟုသုတစုဆောင်းရမည်။ ယခုပြဋ္ဌာန်းကျမ်းစာများကို သင်ရာတွင် ပရိယတ္တိပညာရေးစီမံကိန်း စာမျက်နှာ(၂၈)မှစ၍ ဖော်ပြထားသော မြန်မာစာဆိုင်ရာ ရည်ညွှန်းချက်များကိုလည်းကောင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများဆိုင်ရာ စီမံချက် စည်းမျဉ်းစာအုပ် စာမျက်နှာ(၃၁)၌ မြန်မာစာပေအရေးအသား ဟူသော ခေါင်းစဉ်ပါ သင်ရိုးညွှန်းတမ်းကိုလည်းကောင်း ကျေညက်အောင် ဖတ်ရှုကျင့်သုံးသွားရန် အထူးလိုပေသည်။

၁၂။ ပထမငယ်တန်းတွင် အလင်္ကာကို မသင်ရသေးသည့်အတွက် ကဗျာလင်္ကာတို့၌ ပါသော အလင်္ကာဂုဏ်ရသစသည်တို့ကို သင်ပြရန် မလိုသေးချေ။ ထို့ပြင် လင်္ကာစပ်နည်းဖွဲ့နည်း စသည်ကို သင်ပြရန်လည်း စောသေးသည်။

၁၃။ ပထမပြန်စာမေးပွဲ၌ ပြဋ္ဌာန်းထားသော ဗုဒ္ဓဘာသာမြန်မာစာ သည်လည်းကောင်း၊ ပရိယတ္တိပညာရေး စီမံကိန်း၌ပါသော မြန်မာစာပေ သဘောတရားသည်လည်းကောင်း ပြင်ပလူဝတ်ကြောင်အတန်းကျောင်း များ၌ ပြဋ္ဌာန်းသော မြန်မာစာနှင့် သင်ကြားသည့် သဘောထားချင်း ကွာခြားသည်။ ထို့ကြောင့် ပြင်ပလောကီကျောင်းများ၏ နည်းကို လုံးဝ မတုပ်မိစေရန် သတိပြုရပေမည်။ ဤ၌ မြန်မာစာသင်ကြားခြင်းသည် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွါးရေးကို ဦးတည်ချက်ထားသည်။ မြန်မာစာကို ကျွမ်းကျွမ်းကျင်ကျင် ရေးတတ်အောင် လေ့လာပြီး သာသနာပြုရန်ဖြစ်သည်။ ဤအချက်ကို ဆရာတို့အနေဖြင့် မပြတ် သတိချပ် ထားရပေမည်။ ထို့ကြောင့်ပင် မြန်မာစာဆိုကာမျှဖြင့် ရွေးချယ်ပြဋ္ဌာန်း ခြင်းမပြုပဲ (ဝါ) ခေတ်မြန်မာစာတို့ကို မပြဋ္ဌာန်းပဲ ဗုဒ္ဓဘာသာဆိုင်ရာ တည်တည်ခန့်ခန့် မြန်မာစာသန့်သန့်တို့ကိုသာ တမင်ရွေး၍ ပြဋ္ဌာန်းပေး ခြင်းဖြစ်ပေသည်။

၁၄။ ပထမပြန်စာမေးပွဲ၌ မြန်မာစာဘာသာကို ထည့်သွင်း ပြဋ္ဌာန်းခြင်း သည် မြန်မာစာလည်းတတ်စေ သာသနာလည်း ပြန့်ပွါးစေ ဆိုသော အကျိုးနှစ်ရပ်ကို မျှော်ကိုးကြောင်း ဆရာလုပ်သူတို့ နားလည်သဘော ပေါက်ပြီး ထိုအကျိုးနှစ်ရပ် ရရှိအောင်ကြိုးစားသင်ကြားပေးသွားကြရန် ဖြစ်ပေသည်။

**ပညာရေးအဖွဲ့ငယ်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**

# ရှင်မဟာရဋ္ဌသာရ အကျဉ်းမှတ်

ပြည်စုန်မင်း သီဟသူနန်းတက်သော သက္ကရာဇ် (၇၃၀) ပြည့်တွင် ရှင်မဟာရဋ္ဌသာရဖြစ်အံ့သော မောင်မောက်ကို ရတနာပူရအင်းဝ၌ ဖွားမြင်လေသည်။ အဘမှာ ဟံသာဝတီဘုရင်မ ရှင်စောပု၏ သမီးတော် နဲ့တကာသင်ကို မောင်တော် ဗညားရန်၏ သားဖြစ်သူ တူတော် ဗညား အိမ်နှင့် စုံဖက်၍ ပုသိမ်မြို့၌ ဘုရင်ခံပြုစေရာ ထိုပုသိမ်မင်း၏ မြေးတော် ဓမ္မပါလအမတ်သည် မောင်မောက်၏ ဖခင်ဖြစ်ပေသည်။ အမိမှာမူ သက္ကရာဇ် (၇၂၆) ခုနှစ်တွင် အင်းဝကို အစကနဦး တည်ထောင်တော်မူသော သတိုးမင်းဖျား၏ မြောက်နန်းမိဖုရား စောမင်းညို၊ ၎င်း၏ သမီးတော် စောနန်း၊ ၎င်း စောနန်း၏ မြစ်တော်သည် မောင်မောက်၏ အမိ ဖြစ်ပေသည်။

မောင်မောက်သည် ငယ်စဉ်ကပင် စစ်ကိုင်းချောင် သီဟိုဠ်ရောက် ဘုန်းတော်ကြီးထံတွင် ပညာသင်ကြားခဲ့သည်၊ ငယ်စဉ်ကပင် ကဗျာ လင်္ကာ ရတု ရေးသားမှု၌ လေ့ကျင့် ရင့်ကျက်ခဲ့ပေသည်။ အသက် ပြည့်တွင် ရဟန်းဖြစ်၍ ရှင်ရဋ္ဌသာရဘွဲ့ကို ယူသည်။ ရှင်ရဋ္ဌသာရသည် ဒုတိယ ဘုရင်မင်းခေါင်နှင့် ရွှေနန်းကြော့ရှင် ဘုရင်နှစ်ပါးတို့ လက်ထက် သာမက အင်းဝပြည်ပျက်သည့် (၈၈၈) ခုနှစ်တွင် ပြည် ဘုရင်ထွေးက ပင့်ဆောင်၍သွားကာ ပြည်တွင် ကိုးကွယ်လျက် သာသနာပိုင်ဆရာတော် ဖြစ်လေသည်။ သက်တော် (၆၂) နှစ်တွင် ပြည်မြို့၌ပင် ဘဝနတ်ထံပျံလွန် တော်မူလေသည်။ ဆရာတော်ပြုစုခဲ့သော စာစုများကား—

၁။ ဘူရိဒတ်လင်္ကာကြီး၊

၂။ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊

၃။ တန်တားဦးတည် မင်္ဂလာစေတီတော် မော်ကွန်း၊

၄။ ပုံတောင်နိုင် မောင်ကွန်း၊

၅။ စတုဓမ္မသာရကိုးခန်းပျို့၊

၆။ ဂမ္ဘီသာရပျို့၊

၇။ ဝတ်ရုံကျောင်းပွဲမောင်ကွန်း၊

၈။ ရွှေစက်တော်သွား တောလားလင်္ကာ၊

၉။ သံဝရပျို့၊

၁၀။ မင်္ဂလာအောင်ပွဲတော် ရဲရည်တက် မောင်ကွန်း၊

၁၁။ ရတနာပူရမြို့တည် မောင်ကွန်း၊

၁၂။ မိတ္ထီလာကန်တော်ပွဲ မောင်ကွန်း၊

၁၃။ ဘုရင်မင်းခေါင်ထံသွင်း လင်္ကာများ၊

၁၄။ ကဗျာရတုအမျိုးမျိုး၊

၁၅။ ရှင်သီလဝံသသို့ပေး လင်္ကာများ၊

၁၆။ ပြည်မြို့ ဝံတောင်လယ်ဘုန်းတော်ကြီးနှင့် အပြန်အလှန် ရေးကြသော ရတုများ၊

၁၇။ စာသင်သားတို့အား ဆုံးမသည့် လင်္ကာများ စသည်တို့ ဖြစ်ပါသည်။

# အမြွတ်ငါးဆူ

ငါးဆူဧ ရွှေကြာ၊ နိမိတ်လာ၍၊ ငါးဖြာမြွာလျက်၊ တပင်နက်ဝယ်၊ ငါးဆက်ဖူးငုံ၊ ပေါ်လတ်တုံက၊ ငါးစုံ့ သကာ်နန်း၊ ကြိုင်ပျံ့မွှန်းကို၊ ငါးခန်းဘုံနေ၊ ယူတုံလေ၍၊ ငါးထွေအောင်မြင်၊ ရွှေပလ္လင်ထက်၊ ငါးအင်ခက်ကျိုင်း၊ နောက်မိုခိုင်းလျက်၊ ငါးဆိုင်း မာရ် မြောက်၊ ဗောဓိ အောက်ဝယ်၊ ငါးယောက်ထင်ရှား၊ စောဘုရားတို့၊ ငါးပါး အညီ၊ ဖြစ်တန်သည်ဟု၊ ငါးမည်မိုးနတ်၊ နိမိတ်ဖတ်သည်၊ မချွတ်ကမ္ဘာ ပွင့်ရာသောဝ်။

ပဒုမ္မာကြာဆိုနည်း ကေပိုဒ်

(ရှင်မဟာရဋ္ဌသာရ စပ်ဆိုတော်မူခဲ့သည်။)

# စဥ့်ပါဆရာတော်

## (၁၁၄၀-၁၂၁၀)

စဥ့်ပါဆရာတော်သည် စစ်ကိုင်းမြို့နယ် မန်ကျည်းစင်ရွာ ဇာတိဖြစ်သည်၊ သက္ကရာဇ်(၁၁၄၀) တွင် ဖွားမြင်သည်၊ ငယ်မည်မှာ မောင်ရွှင်ဖြစ်သည်။

မောင်ရွှင်သည် ကျောင်းနေချိန် ရောက်သော အရွယ်တွင် မန်ကျည်းစင်ရွာကျောင်း ဆရာတော်ထံ၌ ရှင်သာမဏေဝတ်၍ စာပေများကို သင်ကြားခဲ့သည်။

ကိုရင် မောင်ရွှင်သည် သက်တော်နှစ်ဆယ် ရောက်သောအခါ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်၊ ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် စစ်ကိုင်းမြို့ စဥ့်ပါဘောရကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူသည်။ စဥ့်ပါကျောင်းတိုက်၌ သီတင်းသုံးနေထိုင်သောကြောင့် စဥ့်ပါဆရာတော်ဟု အမည်တွင်သည်။

စဥ့်ပါဆရာတော်သည် ဓမ္မနီတိချိုး၊ သာမုန္ဒြိကပျို့နှင့် ရတုကဗျာများစွာကို ရေးသားစီကုံးတော်မူခဲ့သည်။

* ပျံလွန်တော်မူသော ခုနှစ်သက္ကရာဇ် အမှတ်အသားမတွေ့ရသေးပေ။

# မြတ်ပညာ

## (အတတ်ပညာ သင်ကြားရန်အကြောင်း)

ဆရာကို ဆိုတဲ့ပိုင်း၊ အလှိုင်းကြီးကုန်စင်။ ။မာတိကာအစဉ် ရောက်ပြီမို့၊ တယောက် (ထောက်)ကယ် ပြန်မိန့်အုံးမယ်ပ၊ ရိုးလို့ ဉာဏ်ဆင်။ ။တစ် နှစ်ကယ် သာချာပြလို့၊ ဌာရသတတ်ကုန်စင်၊ ဆိုလျှင် ကောင့် ကျယ်မစိုး။ ။ကျမ်းရင်းမှာ သေချာဆုတ်လို့၊ နုတ်တက်ကယ် ဆောင်လေက၊ များသိကြရိုး။

ကျင့်မူရာ မှုခပ်ပျင်းနှင့်၊ သွပ်ဖျင်းသူယုတ်တွေ၊ ။တတ်ပညာ ပဇာ တတ်ပါအုံး၊ များမှတ်ကြလေ။ ။အတတ်ကို မရှာဖွေလျှင်၊ ဥစ္စာတွေ ရရေး။ ။ ဘယ့်နှယ်ကြံမန်မြောက်ပါ့မယ်၊ မိုးလောက်ကွာဝေး။

ဥစ္စာကံနည်းလို့၊ လက်ချည်းရှိသူမှာ။ ။ဆွေခင်မှန်း၊ ချစ်ကျွမ်း ဘယ့်နှယ်မှန်းပါအုံး၊ နွမ်းတဲ့မျက်နှာ။ ။ခင်ပွန်းကွာ၊ ချမ်းသာရပဲ။ ။ သုခစည်းစိမ်နှင့်၊ ပင်ရိပ်ငြိမ်ခိုမအောင်း၊ ကောင်းမှုဆိုပြီ

ကုသိုလ်ပညာကို၊ မရေတဲ့သူမှာ၊ ။စိန်ကျောက်ကယ် ပိုးသန်နှင့်၊ စိတ်သန်ရာ ရွှယ်မကျ၊ ငွေလှုနက်မှာ။ ။ကုသိုလ်လဲ မြောက်ပလို့၊ ဖြောက်သီးနက်မှာကို၊ လပ်ကွာတဲ့အခါ။ ။ရောက်ကယ် ဒါနန့်လို့၊ နိဗ္ဗာန်ကို ဘယ်မှာရောက်ပါ့မယ်၊ အဆောက်ကယ် ခြွေခေါ်ကြည့်၊ ဝေး၏ ခေါ်များ။

ပညာကို ဘယ်လူဆိုးတို့၊ ယှဉ်နိုးသုံးပါ့မယ်၊ ။အတတ်ကယ် အလိမ္မာ နှင့်၊ ဥစ္စာဘယ်ဘူကြလိမ့်၊ လောကလူ့ဝယ်။ ။သိကြား မြင်လုံလောက်က၊ မျက်မှောက်ကယ်သည်ကိုယ်ဝယ်၊ ရလွယ်၏ခင်ပွန်း။ ။တမလွန်နောင်ခါ ကောင့်၊ မြိုက်ချမ်းသာပုံမိုမြင့်၊ ကဲဆင့်တောက်တွန်း။

ဆရာကို ခိုကပ်လို့၊ မလျှပ်ကယ်မပေါ်။ ။ခပ်သိမ်းဘယ်တွင်မှ၊ ပျောက်ပြယ်လွင့် သေမလပ်စေနှင့်၊အတတ်ကယ် လွန်မြောက်မြားအောင်၊ ကြားသင်ကြနော်။ ။စိုးမင်းပင် ဖြစ်သော်လဲ၊ ကြည်ချစ်ကယ် လာဘ်ပူဇော်မှာ၊ ကိုယ့်တိုင်းပေါ်ပြည်တွင်း။ ။ပညာရှင် ဆိုသူတို့မှာကောင့်၊ ထို့မြို့ ထိုရွာနှင့်၊ ရောက်လေရာဇမ္ဗူလုံး၊ ရှုံးခ ဝပ်စင်း။

သိပညာဖြစ်ပွားအောင်၊ ချစ်သားတို့ သင်ကြပါ။ ။မိဘဆရာတို့၊ ဖန်ခါခါ တပည့်သားကို၊ထောင်နား ဆန့်မငြင်းအောင်၊သွင်းကြပေရာ။ ။ လေ့လော်လေ့ခတ်နှင့်၊ အတတ်ကယ်မဲ့သူမှာ၊ ဝန်ထမ်းသာဖြစ်မြဲ။ ။ ပညာရှင်ဖြစ်ပေက၊ လူ့ပြေ (မြေ)မှာ ပူဇော်လို့။ ဇမ္ဗူပေါ် ဂုဏ်ထင်ပလိမ့်မယ်၊ မိုးလ ထက်ကဲ။

ရာကုဋေကြွယ်ဘဲ့၊ မျိုးမှပင်ဖြစ်စေကာ။ ။ရောင်ဝင်းဖိတ်ကြည်နှင့်၊ နုတ်ရုပ်ရည်ဟန်တင့်ဆင်း၊ လှလျှင်းစေကာ။ ။တတ်ပညာ၊ ကိုယ်မှာ ထက်ချည်း။ ။အမြတ်ကယ် ဘယ်မှုပါလိမ့်၊ ထိုသူကို လူပေါက်ပန်းလို့၊ သွန်းပြုတင့်ရည်း။

ငယ်စဉ်ကာလက၊ မိဘတို့ ကတ်မသင်။ ။စင်စစ်ကယ် ရန်သူတဲ့၊ ညဏ်ရှိသူ ဗိုလ်လူထဲ၊ ပွဲကြေ့မဝင်။ ။ဟင်းသာခွင်၊ ကောင်စင်ပြုလွှ။ လည်ပင်းခြေရှည်နှင့်၊ ပုံမှုနည် အော်အော်ချိင်း၊ ဗျိုင်းနှင့်တူစွ။

ရတနာစီမောက်ပွိုး၊ တောက်တိုးကျက်သရေ။ ။မြင့်ပြုံးနေရာသို့၊ ဉာဏ်ပညာ ဂုဏ်ရောင်ကဲသူတို့၊ မြဲရောက်သင့်ပေ။ ။မျိုးမည်ရည်ဘိမ်မြုပ်တဲ့၊ သူ့နုပ်ကယ် ညစ်တေဘော၊ မနေနှင့်တင့်ရဲ့။ ။ပြာသာဒ်ကယ်ဘုံခွင်က၊ ကျီးညိုစင်တောင်ပံနက်ကယ်တို့၊ ငှက်ဂဠုန် ဖြစ်လေရတာယ်လို့၊ ထုံးမှုရှိပဲ။

ယုတ်လတ်ကယ် မြတ်ပညာ။ ။တတ်မျိုးစုံအောင်ပ၊ ဂုဏ်ရောင်ကို မတိမ်မြုပ်စေနှင့်၊ အားထုတ်လို့ရှာ။ ။ဘုံ့တည်ကြည် မှတ်ထိမ်းလို့၊ ခပ်သိမ်းသိပညာ၊ လျှော်ခါမှဉာဏ်သုံး။ ။ကာလဒေသနှင့်၊ ဝေဖန်ကာ ဆင်မသင့်၊ မင်းပေါ်နှင့်အုံး။

မိုက်တွေဝေ လူဗာလတို့၊ လောကမှာထင်ထင်။ ။ကိုယ့်ဂုဏ်ကို ကိုယ်ပလွှားသော်လဲ၊ ထင်ရှားပဇာတင့်ပမယ်။ မူကျင့် လော်လည်သွမ်းငယ်ကြောင့်၊ နွမ်းယုတ်သည်ပင်။ ။ကြံဖန်ရည်ထူထပ်တဲ့၊ လူတတ်ကယ်ပညာရှင်။ တွင်းမှာပင် ခိုတော့။ ။တတ်စွမ်းလျော်စွာပ၊ ကြော်ငြာဂုဏ်သီတင်း၊ ချင်းလိမ့်ပြန်သော့။

မှာပဲ့ပြင်သွန်သင်ထား၊ တရားငယ်ကျမ်းဂန်။ ။စ ဆုံး ဖန်ဖန်ပ။ သင်အံဆောင်ယူပိုက်သော်လဲ၊ လူမိုက်မှာ မာန်စောင်ကျိုးနိုင်ဘူး၊ တိုးလို့တက်ပြန်။ ။လျှပ်ရောင်ရည် ထောင်ခြည်ချင်းတဲ့၊ နေမင်းစက်ရှင်ပျံ၊ အလျံက ကွန့်ပြေး။ ။သို့ပင်ဖြစ်သော်လဲ၊ ငှက်ညင်ကယ် ခင်ပုပ်မျိုးမှာ ကောင့်၊ တိုးလို့မိုက်သေး။

မေထုန်မှီအိပ်စားလို့၊ ယောကျ်ားတွဲနွားမှာ။ ။ပြည့်အစုံကုံလုံရှိပါ၏။ သိပညာတတ်တပါး၊ နွားသက်ပိုသာ။ ။တတ်ပညာချို့ရှာချေက၊ လူမိုက်ခေါင် ထိုယောကျ်ားကို၊ နွားဟုဆိုရ။

တတ်ပညာလိုချင်အားနှင့်၊ မြောက်မြားပယ်ပုံယင်။ ။မနုပ်ကယ်မကျေဘူး၊ သင်လေတယ်ကြံရွေသွားနှင့်၊ ပျားစားလက်ရေဆေးတဲ့နယ်၊ ပြေးလိမ့်ပျောက်ဝင်။ ။မခင်နိုင်မယူမနှင့်၊ လူအဖိုးအိမ်ကပြင်၊ ဦးမြင်ကာမလွဲ။ ။သိမ္မေ သံပွဲဟု၊ ဗျာဒိတ်သံရွှေမိန့်တမ်း။ ပြမ်းမှိုမှဲ့။

စဉ့်ပါဆရာတော်၏ ခမ္မနီတိချိုးမှ ယူဟ်နုတ်ချက် ဖြစ်သည်။

# လယ်တီဆရာတော်

(၁၂၀၈ – ၁၂၈၅)

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ဒီပဲရင်းမြို့နယ် စိုင်ပြင်ရွာ ဇာတိဖြစ်သည်။ အဘ ဦးထွန်းသာ၊ အမိ ဒေါ်ကျုံးတို့မှ သက္ကရာဇ် ၁၂၀၈-ခု၊ နတ်တော်လဆန်း ၁၃-ရက်၊ အင်္ဂါနေ့ည တစ်ချက်တီးကျော်တွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်တက်ခေါင် ဖြစ်သည်။

မောင်တက်ခေါင်သည် ကျောင်းနေချိန် ရောက်သော အရွယ်တွင် စိုင်ပြင်ရွာဦးကျောင်း ဆရာတော်ထံ၌ ရှင်သာမဏေဝတ်၍ စာပေများကို သင်ကြားခဲ့သည်။ ဘွဲ့မည်မှာ ရှင်ဉာဏဖြစ်၏။ ရှင်ဉာဏသည် ရွာဦးကျောင်းဆရာတော်ထံမှ ရဲထွတ်ဆရာတော် ဦးဂန္ဓမာထံ ပြောင်းရွှေ့၍ ဗေဒင်ပညာများကို သင်ကြားလေသည်။ ၁၄-နှစ်သားအရွယ်က ပင် ဗေဒင်လင်္ကာများနှင့် ပျို့ကဗျာလင်္ကာများ ဖွဲ့နွဲ့သီကုံးတော်မူခဲ့သည်။

ရှင်ဉာဏသည် သက်တော်နှစ်ဆယ် ရောက်သောအခါ ဖျောက်ပင်ဆရာတော် ဦးနန္ဒဓဇကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းဘဝသို့ ရောက်သော အခါ မန္တလေးမြို့ စံကျောင်း ဆရာတော်ကြီးနှင့် စလင်း ဦးပဏ္ဍိစ္စဘိုထံ အထက်တန်း ပိဋကတ်စာပေများ သင်ကြား ဆည်းပူးလေသည်။ ပဌမ သံဃာယနာတင်ပွဲ၌ ကထာဝတ္ထု ပါဠိတော်ကို နှုတ်လွတ်အာဂုံ ပြန်ဆိုနိုင်ခဲ့သည်။

ရဟန်းတော် ဦးဉာဏသည် စံကျောင်းတိုက်၌ တပည့်စာသင်သားတို့အား ပိဋကတ်ကျမ်းစာ အဖြာဖြာကို ပို့ချသင်ကြားပေးလေသည်။ မင်းတုန်းဘုရင်မင်းမြတ်က ဦးဉာဏအား ပထမစာတော်ချဘွဲ့ကို ဆက်ကပ်လှူဒါန်းသည်။

ပထမစာဘော်ချ ဦးဉာဏသည် စာဝါကိုလည်းပို့ချ၊ ပါရမီဒီပနီကျမ်းစာကိုလည်း ရေးသား၊ ယောမင်းကြီး ဦးဖိုးလှိုင်ထံ၌ မြန်မာစာပေ အရေးအသားကိုလည်း နည်းမှီးလေ့လာဘော်မူခဲ့သည်။

၁၂၄၄-ခုနှစ်တွင် မန္တလေးမြို့မှ မုံရွာမြို့သို့ ပြောင်းရွှေ့၍ လယ်တီ ကျောင်းတိုက်ကြီးကို တည်ထောင်ကာ သာသနာပြုတော်မူခဲ့သည်။ လယ်တီ ကျောင်းတိုက်ကြီးကို ဦးစွာတည်ထောင်၍ သာသနာပြုတော်မူသော ကြောင့် လယ်တီဆရာတော်ဟု အမည်တွင်ခဲ့သည်။

တပည့် ရဟန်း **သံဃာများအား** စာပေ ပို့ချ ပေးတော်မူခြင်း၊ ကျမ်းစာပေါင်း တစ်ရာကျော်ကို ရေးသားတော်မူခြင်း၊ မြန်မာပြည် အတွင်း လှည့်လည်၍ တရားဟောတော်မူခြင်းတို့ကြောင့် အင်္ဂလိပ်အစိုးရ က လယ်တီဆရာတော်အား ၁၂၇၃-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် တော်ကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ်က ၁၂၈၀-ခုနှစ်တွင် ဒီလစ် (ပိဋကတ္တယပါရဂူ)ဘွဲ့ကိုလည်းကောင်း ဆက်ကပ် လှူဒါန်း ပူဇော်ခဲ့လေ သည်။

လယ်တီဆရာတော်ကြီးသည် တိုင်းကျိုးပြည်ကျိုး သာသနာအကျိုး ကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူယင်း ၁၂၈၅-ခု၊ ပထမဝါဆို လဆန်း ၁၅-ရက်နေ့တွင် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်း၌ ၁၀ နတ်ထံ ပျံလွန်တော်မူလေသည်။

---

မုံရွာမြို့အနီး ဆားထုံးရွာနေ တပည့်မောင်ရောင်နီသို့
လယ်တီဆရာတော် ရေးပေးသော

# ပိဋကတ်အစွယ်ချိုး ဆေးထပ်

တပိုင်းကြောင် ကျက်စာရရုံနှင့်၊ ခက်ပါလှ သဘောဉာဏ်၊
ထက်မာနအပြောသန်တယ်၊ ဒေါသမာန်ထူပွား၊
စောဒကတုဖက်လာလျှင်၊ သူ့ထက်ငါ ငြင်းတဲ့ လူစား၊
ဘုရားဟော မြတ်ဓမ္မခန်ကို၊ တတ်လေဟန်ယောင်ဝါး၊
ပရမတ်ပြန် အကြောင်သမားတွေတို့၊ ထောင်လွှားကြ သူ့ထက်ငါ၊
အသိဉာဏ် တစ်ထွာလောက်ကယ်နှင့်၊ ညာမထောက် ဟောတတ်လှပါ၊
ပရိသတ်ထောမနာအောင်၊ စောဒနာ ဉာဏ်အကောက်တွေနှင့်၊
ကန်အကြောက်အတင်းမရှောင်၊ ငြင်းကြလူ့ဘောင်၊
ပိဋကတ်အစွယ်ထောင်လျှင်၊ အပါယ်ဘောင် ဆင်းရလိမ့်လေး။

# ကျီးသဲလေးထပ်ဆရာတော်
## (၁၇၇၉—၁၂၅၆)

ကျီးသဲဆရာတော်သည် ရွှေတောင်မြို့ ကျီးသဲရွာ ရှမ်းတန်းကလေးရပ် ဇာတိဖြစ်သည်။ ၁၁၇၉-ခုနှစ် သီတင်းကျွတ်လပြည့်ကျော်(၈)ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်ကင်းဖြစ်သည်။

မောင်ကင်းသည် ကျောင်းနေချိန် ရောက်သောအရွယ်တွင် ကျီးသဲရွာကျောင်း ဆရာတော်ထံ၌ ရှင်သာမဏေဝတ်၍စာပေများကို သင်ကြားခဲ့သည်။ ဘွဲ့မည်မှာ ရှင်မုနိန္ဒာဘိဓဇ ဖြစ်သည်။ ရှင်မုနိန္ဒာဘိဓဇသည် ၁၉-နှစ်ခြောက်လအရွယ်တွင် ရွှေတောင်မြို့ ဂိုဏ်းအုပ်ဆရာတော် အရှင်ကုမာရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဦးမုနိန္ဒာဘိဓဇသည် ရဟန်းဘဝသို့ ရောက်သောအခါ မန္တလေးမြို့ မောင်းထောင်ဆရာတော်၊ မိတ္ထီလာဆရာတော်၊ ခင်မကန်ဆရာတော်၊ ရွှေတိုက်ဝန်ဆရာတော်စသော ဆရာတော်ကြီးတို့အထံ၌ အထက်တန်းပိဋကတ်စာများ သင်ကြားဆည်းပူးလေသည်။ လောကီကျမ်း များကိုလည်း ဆုံးခန်းတိုင်အောင် တတ်မြောက်အောင် သင်ကြားခဲ့လေသည်။

ဦးမုနိန္ဒာဘိဓဇသည် ၁၂၁၅-ခုနှစ်တွင် မန္တလေးမြို့မှ ဟင်္သာတမြို့သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်။ ထို့နောက်တဖန် ဟင်္သာတမြို့မှ ရွှေတောင်မြို့ကျီးသဲရွာအရှေ့ဘက်လေးထပ်ကျောင်းသို့ပြောင်းရွှေ့၍သီတင်းသုံးတော်မူသည်။ ကျီးသဲရွာ၌ သီတင်းသုံးတော်မူသောကြောင့် ကျီးသဲအရှေ့လေးထပ်ဆရာတော်ဟု အမည်တွင်ခဲ့သည်။

ကျီးသဲဆရာတော်သည် တပည့်ရဟန်းသံဃာများအား စာပေပို့ချပေးတော်မူခြင်း၊ ဇိနတ္ထပကာသနီကျမ်း၊ စွယ်စုံကျော်ထင်အဖြေကျမ်း စသော ကျမ်းပေါင်း (၂၃)ကျမ်းတို့ကို ရေးသားတော်မူခြင်းအားဖြင့် သာသနာပြုတော်မူခဲ့သည်။

ကျီးသဲဆရာတော်ကြီးသည် တိုင်းကျိုးပြည်ကျိုး သာသနာ့အကျိုးကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူယင်း ၁၂၅၆-ခုနှစ်တွင် ကျီးသဲရွာ အရှေ့လေးထပ်ကျောင်း၌ ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။

# ဘုရားလောင်း သိဒ္ဓတ်မင်းသား တောထွက်တော်မူခြင်း

အလောင်းမင်းမြတ်သည်လည်း ရွှေနန်းပြာသာဒ်သို့ တက်တော်မူ၍ ထီးဖြူကနက် ဖြန့်ကြက်လျက် ခင်းအပ်သော အသရေရှိသော မင်းနေရာထက်၌ တက်စံတော်မူလျှင် ထက်ဝန်းကျင်ရံခ၍ နေကြသော ကချေသည်မင်းသမီးတို့သည်လည်း အတူးထူးသော စည်,စောင်း,ညှင်းစသည်တို့ဖြင့် သီ,က,မှုတ်တီးလျက် မငြီးငွေ့ကြောင်း ကောင်းစွာ ဖျော်ဖြေကုန်၏၊ ဘုရားလောင်းလည်း ကိလေသာ၌ အာသာကင်းတော်မူ၍ မပျော်ရွှင်ရကား ထိုခဏ၌ပင် စက်တော်မူ၏။

အတီးအက မောင်းမအပေါင်းတို့သည်လည်း စည် စောင်း ညှင်းတို့ကို ပိုက်၍ အိပ်စက်ကြလေသော် ရွှေနန်းတော်၌ ထွန်းမြဲဖြစ်သော နံ့သာဆီမီးသည် ထွန်းညှိလျက်ပင်ရှိ၏၊ ညဉ့်ဦးယံလွန်သော် အလောင်းကိုယ်တော်မြတ်နိုး၍ နဝရတ်ကိုးပါးဖြင့် စီအပ်သော သလွန်တော်ထက်ဝယ် နေပြီးလျှင် အသီးသီး အိပ်ကြကုန်သော ကချေသည် မိန်းမတို့ကိုကြည့်ရှုတော်မူလျှင် အချို့ရှူးလျက်, အချို့ဟောက်လျက်, အချို့စက်စက်ယိုသော အရိအရည်ဖြင့် လိမ်းကျံလျက်, အချို့ အံသွားကြိတ်လျက်, အချို့ ယောင်ယမ်းကုန်လျက်, အချို့ကား မိမိခံတွင်းကို ဟင်းလင်းဖွင့်ကုန်လျက်, ထိုခံတွင်းမှ မကောင်းသော ရန့်လှိုင်လျက်, အချို့ကား ခါးဝတ်ကျွတ်ကုန်လျက်, အိပ်စက်ကြကုန်သည်ကို မြင်၍ မြတ်သော ပြာသာဒ်အပြင်ကို မစင်ဘင်ပုပ် စက်ဆုပ်ဖွယ်သော သူကောင်တို့ဖြင့် ပြည့်သော သုသာန်ခွင်ကဲ့သို့ ထင်မှတ်တော်မူ၍ ကာမဂုဏ်တို့၌ အတိုင်းထက် အလွန် ငြီးငွေ့တော်မူလျက် "နှိပ်စက်လေစွတကား....၊ နှိပ်စက်လေစွတကား....၊ အယုတ်တရား၌ ကာလရှည်လျားပျော်ပါး၍သော ငါနေမိချေ၏တကား" ဟု မြည်တမ်းလျက် ယခုပင် တောထွက်အံ့ဟု ကြံတော်မူ

ပြီးသော် သလွန်ပေါ်ထက်မှ ဆင်းသက်တော်မူ၍ တံခါးခုံ၌ ခေါင်းဆိုက်လျက် အိပ်သော ဆန္နအမတ်ကို နှိုးခေါ်၍ ကဏ္ဍကမြင်းတော်ကို ယခု ကချေဟု စေတော်မူ၏။

ဆန္နအမတ်လည်း ဆင်အပ်သော တန်ဆာတို့ကို ပိုက်လျက် မြင်းတင်းကုပ်သို့ သွား၍ မြင်းတော်ကို ကလေသော် ကဏ္ဍကမြင်းတော်က "ငါ့ကို အချိန်မဲ့ ကခြင်းသည် အလောင်းမင်းသား တောထွက်တော်မူလိုသည် ဖြစ်လတ္တံ့" ဟု ကြံ၍ အားသန်ရွှင်လန်းသော စိတ်ရှိရကား သည်းစွာ ဟီလေ၏။ ထိုဟီသံသည် ကပိလဝတ်ပြည်အလုံးကို လွှမ်းဖုံး၍ သွားသော်လည်း နတ်ဘို့ ပိတ်ပင်သောအားဖြင့် မည်သူတယောက်မျှ မကြားကြကုန်။

အလောင်းမင်းမြတ်သည်လည်း ဆန္နအမတ်ကို စေလိုက်ပြီးလျှင် ဖွားမြင်သော သားတော်ရာဟုလာကို ရှုလိုသော အကြံတော်ရှိ၍ ယသောဓရာမိဖုရား စံမြန်းသော ရွှေနန်းကျက်သရေဆောင်သို့ ပင်၍ ကြည့်တော်မူလျှင် နံ့သာဆီမီးရောင်ဖြင့် ထွန်းလင်းလျက် တဒေါမွှေ မျှလောက်သော ပန်းတို့ဖြင့် ပြွမ်းသော ရတနာသလွန်ပေါ်ငယ် သားတော် ရာဟုလာ၏ ထိပ်ထက်၌ လက်ထား၍ စက်ချော်သော ယသော်မိဖုရားကို မြင်တော်မူ၏။

ထိုအခါ "ငါသည် သားတော်ကို ယူ၍ ကြည်ပြန်သော် ယသော်မိဖုရား နိုး၍ အားကြိုးရှည်ဆောင်သော ငါ၏ တောထွက်အံ့သော အကြံသည် မမြောက်ရှိချေတော့မည်" ဟု ကြံ၍ ရပ်လျက်သာ ကြည့်တော်မူပြီးလျှင် လျှင်စွာပြန်ခဲ့၍ ကဏ္ဍကမြင်း၏ အထံသို့ သွားပြီးသော် "ဖွားဖက်တော် ကဏ္ဍက ယနေ့ ငါ့ကို ကူပံ့လော့၊ သင့်ကို မှီ၍ သုံးလီသောဘဝနှောင်ချိုင့်မှ ငါထွက်မြောက်လျှင် သုံးခွင်သောလောက၌ ဝေနေယျသတ္တဝါတို့ကို ခေမာရပ်ခွင်သို့ ငါတင်ပေအံ့" ဟု ဆို၍ မြင်းတော်ကို လက်ဖြင့် သုံးကြိမ်သပ်ပြီးမှ အလျားတဆယ့်ရှစ်တောင် အရပ် ရှစ်တောင်ရှိသော ခရုသင်းပွတ်သစ်ကဲ့သို့ ဖြူနှော်သော အဆင်းရှိသော ကဏ္ဍကမြင်းထက်သို့

တက်တော်မူ၍ ငယ်ဖော်ဆန္နကို အမြီးက တွဲစေလျက် သက်တော် နှစ်ဆယ့်ကိုးနှစ် သက္ကရာဇ် ၉၇-ခု၊ ဝါဆိုလပြည့် တနင်္လာနေ့ သန်း ခေါင်ယံအခါ ဥတ္တရာသန်နက္ခတ်နှင့် စန်းမြတ်ယှဉ်သော အခိုက်တွင် တောထွက်တော်မူ၏။

မြင်းခြေသံကို နိုင်ငံပြည်သားတို့ကြားမည်ကိုကြောင့်ကြ၍ ခြေချတိုင်း ခြေချတိုင်း နတ်သားလေးယောက်တို့ လက်ဝါးဖြင့် ခံကုန်သည်။

သုဒ္ဓေါဒနမင်းကြီးသည် အမှတ်မဲ့ သားတော်ထွက်မည်ကို စိုးရိမ်၍ လုံခြုံစွာ ပြုလုပ်အပ်သော အရပ်တဆယ့်ရှစ်တောင် မြို့တံတိုင်း ဝိုင်းလျက် တံခါးရွက်တခုတခုကို ယောကျ်ားတထောင်ဖွင့်မှ ပွင့်နိုင်သော တံခါးရွက် ပိတ်လျက်ရှိသည်ကို နတ်တို့ဖွင့်၍ အသင့်ပင် ထွက်တော်မူရ၏။

မြို့တော်မှ ထွက်မိလျှင်ပင် ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်မင်း လာ၍ ခရီးဦး၌ ရပ်ပြီးသော် "သိဒ္ဓတ်မင်းသား....အဘယ့်ကြောင့် ဆင်းရဲရန်ကို ရှာကြံဘိသနည်း၊ ယနေ့မှ ခုနစ်ရက်လွန်လျှင် စကြာရတနာ ရောက်လိမ့် မည်၊ ကျွန်းငယ်နှစ်ထောင် ရံဝန်းသော ကျွန်းကြီးလေးကျွန်းကို အုပ်ကွပ် စိုးမိုးရလိမ့်မည်၊ နန်းသို့ပြန်၍ စံတော်မူချေဦး" ဟု ဆို၍ တားလင့်၏။

ထိုစကားကို ကြားသော် ဘုရားလောင်းကလည်း "ဟယ် မကောင်း သော မာရ်နတ် ကျွန်းရပ်လေးမည်ကို လှည့်လည်နိုင်သော စကြာရတနာ ရောက်လိမ့်မည်ကို ငါသိသော်လည်း မင်း၏အဖြစ်ကို အလိုမရှိပြီ၊ လောကီ ချမ်းသာကို တံတွေးပေါက်ကဲ့သို့သာ ငါစွန့်မည်" ဆို၍ မတန့်မရပ် ထွက် တော်မူသဖြင့် မြို့နှင့်သင့်ရုံ ကွာလေသော် ဥက္ကာမုခ စသော အာဒိစ္စဝင် မင်းမျိုးတို့၏ နေရာ မဟာကပိလဝတ်ပြည်ကို လည့်၍ ကြည့်တော်မူလို သော ဆန္ဒဖြစ်စဉ် "အလောင်းမင်းမြတ် ကြည့်ရှုဖွယ်မရှိပြီ၊ လှည့်လည်၍ ပြအံ့" ဟူဘိသကဲ့သို့ ရွှေတော်မြောက်ဝယ် အိုးထိန်းစက်သဖွယ် လည်၍ ရွေ့ပြည်တော်တည်လာ၏။

(ထိုတည်ရာဌာနကို နောက်ကာလ၌ ကဏ္ဍကအနိဝတ္တန စေတီ တည် သတည်း)

ထိုနောက်မှ အစဉ်အတိုင်း ထွက်တော်မူလေသော် နတ်အပေါင်းတို့သည် လက်ဝဲ,လက်ယာ,ရှေ့, နောက် ခြောက်သောင်း ခြောက်သောင်းသော မီးရှူးတိုင်ကို ညှိထွန်းကုန်လျက် တပါးသော နတ်တို့သည် စကြဝဠာအနားရေးအထိ မရေမတွက်နိုင်သော မီးရှူးတို့ကို ညှိထွန်းကုန်လျက် လောန်းဖြင့်ရှာသော မိုးပေါက်ကဲ့သို့ ပန်းနံ့သာ အထုံအခိုးတို့ကိုတဖွဲဖွဲကျစေလျက် နတ်၌ဖြစ်သော စည်, စောင်း, ညှင်း တူရိယာ တို့ဖြင့် သာယာစွာ မှုတ်တီး၍ ကြီးမြတ်သော မင်္ဂလာသဘင်ကို ဖြစ်စေလျက် ထက်ဝန်းကျင်မှ ပူဇော်၍ လိုက်ကြကုန်သည်။

အလောင်းမင်းသည်လည်း တညဥ့်ချင်းတွင် ယူဇနာသုံးဆယ်မျှသော ခရီးကိုလွန်၍ ရှစ်ဥသဘကျယ်သော အနောမာမြစ်ကို တွေ့လေလျှင် "အချင်းဆန္န ဤမြစ်ကား အဘယ်မြစ် အမည်တွင်သနည်း" ဟု မေး၏။ အနောမာမြစ် မည်ပါကြောင်းကို လျှောက်လျှင် "ငါ၏ရဟန်းပြုခြင်းသည် မယုတ်မာ မြင့်မြတ် ကောင်းမွန်သည်သာ ဖြစ်လတ္တံ့" ဟု နိမိတ်ယူ၍ မြစ်ကို ကူးစေသည်။

လေ၏လျင်ခြင်းကဲ့သို့ မြင်းတော်ကဏ္ဍကလည်း ဆန္နအမတ်နှင့်တကွသော ဘုရားလောင်းကိုဆောင်၍ အနောမာမြစ်ကို ခုန်သဖြင့် ထိုမှာဘက်ကမ်း၌ တည်လေ၏။

ထိုအခါ ဘုရားလောင်းလည်း မြင်းမှဆင်းသက်၍ ဆန္နအမတ်ကိုခေါ်ပြီးသော် ဆင်ဝတ်တော်မူသော တန်ဆာနှင့် မြင်းတော်ကိုအပ်၍ "နေပြည်တော်သို့ သင်တို့ပြန်ကြလေ" ဟု စေတော်မူ၏၊ ထို့နောင်မှမကိုဋ္ဌ်နှင့်တကွသော ဆံကျင်တော်ကို စွဲတော်မူသော သန်လျက်ဖြင့် ဖြတ်၍ "ငါသည် စင်စစ် ဘုရားဖြစ်မည်မှန်မူ ဆံခတော်သည်မြေသို့မသက်ပဲ အထက်ကောင်းကင်၌ တည်စေသော" ဟု အဓိဋ္ဌာန်၍ ကောင်းကင်သို့လွှင့်မြှောက်တော်မူသော် တယူဇနာမျှလောက်သော အရပ်၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်၏၊ ထိုဆံတော်ကိုမြင်သော သိကြားမင်းသည် တယူဇနာရှိသော ရတနာပန်းတောင်းဖြင့်ခံယူ၍ တာဝတိံသာ၌ "စူဠာမဏိ" ပုထိုးတော်

တည်၍ ကိုးကွယ်သတည်း၊ ဘုရားလောင်းလည်း "ဤကောင်းမြတ်သော ကာသိတိုင်းဖြစ် ပုဆိုးတို့နှင့် မလျော်ကပ်ပတ်ချေ"ဟု အကြံတော် ဖြစ်လေသော် ကဿပဘုရား၏လက်ထက်က အဆွေဖြစ်ခဲ့ဖူးသော ဃဋိကာရ ဗြဟ္မာမင်းသည် ပရိက္ခရာရှစ်ပါးနှင့်တကွသော ကြာသက်န်းအစုံကို ယူလာ၍ "ဤကြာသက်န်းဖြင့် ရဟန်းပြုတော်မူပါ"ဟု ကပ်၏။

ပရိက္ခရာရှစ်ပါးကား–ကိုယ်ဝတ်, ဒုကုဋ်, သင်းပိုင်, ခါးပန်း, အပ်, ပဲကွပ်, သပိတ်, ရေစစ် ဤရှစ်ပါးတည်း၊ ဤပရိက္ခရာရှစ်ပါးသည် ကမ္ဘာတည်စက ပုဗ္ဗနိမိတ်အဖြစ် ပေါက်သောကြာပွင့်တွင် အစုံပါလာသည်။

ဘုရားလောင်းလည်း အဖိုးအတိုင်းမသိ ထိုက်သော ကာသိကရာဇ်တိုင်းဖြစ် ပုဆိုးတို့ကိုချွတ်၍ ထိုပရိက္ခရာကြာသက်န်းဖြင့် ရဟန်းပြုတော်မူ၏၊ ဃဋိကာရဗြဟ္မာလည်း လဲတော်မူသော ပုဆိုးကိုယူ၍ ဗြဟ္မာ့ပြည်သို့ ဆောင်ပြီးသော် အကနိဋ္ဌဘုံ၌ ကိုးပါးသော ရတနာအတိပြီးသော အုတ်တို့ဖြင့် ဒုဿစေတီတည်၍ ကိုးကွယ်လေသတည်း။

ထိုသို့ ရဟန်းပြုပြီးမှ ဆန္နအမတ်နှင့်ကဏ္ဍကမြင်းတော်သည် မပြန်ပါရမည့်အကြောင်းနှင့် တောင်းပန်လျက်နေသည်ကို ဖျောင်းဖျတော်မူ၍ "ခမည်းတော် မယ်တော်တို့အား သတင်းစကားကြားသိရအောင် ပြန်ကြချေ"ဟု စေတော်မူသဖြင့် ပြန်ကြလေသော် အနောမာမြစ် တဘက်သို့ ရောက်လျှင်ပင် ကဏ္ဍကမြင်းသေ၍ တာဝတိံသာနတ်ပြည်၌ ကဏ္ဍကနတ်သားဖြစ်လေ၏၊ ဆန္နအမတ်လည်း မြင်းတော်ကို အနောမာမြစ်သဲခုံ၌ သင်္ဂြိုဟ်ခဲ့ပြီးမှ ကကြိုးတန်ဆာကိုထမ်းလျက် လမ်းတလျှောက်လုံးငိုယိုကာ ပြန်လည်သဖြင့် နန်းတော်သို့ ရောက်သော် ခမည်းတော် မယ်တော် ယသောဓရာ စသော မောင်းမမိဿံအပေါင်းတို့အား အကြောင်းကို ပြန်ကြား၍ နန်းသူနန်းသား အပေါင်းတို့သည် သောင်းသောင်းညံမျှ ငိုကြွေးကြကုန်၏။

ဘုရားလောင်းသည်လည်း ထိုရဟန်းပြုရာ အရပ်အနီး၌ ကြီးစွာသော အနုပိယမည်သော သရက်တော၌ ပဗ္ဗဇ္ဇာသုခဖြင့် စံနေတော်မူ၍ ခုနစ်ရက်လွန်ပြီးသော် ယူဇနာသုံးဆယ်ရှိသော ခရီးကို နေ့ချင်းသွား၍ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူသည်၊ ထိုအခါ နာဠာဂီရိဆင်လာ၍ မြို့အလုံး ချောက်ချားသကဲ့သို့ အသုရာနတ်မင်းဝင်လာ၍ အသုရာပြည် ချောက်ချားသကဲ့သို့ ဘုရားလောင်း၏ အဆင်းတော်ကိုမြင်လျှင် ကြည်ရွှင် ဝမ်းသာအံ့အားသရဲ့ရှိကြ၍ ပြည်အလုံး ချောက်ချား၏၊ မင်းချင်းယောကျ်ားတို့မြင်၍ ဗိမ္ဗိသာရမင်းကြီးအား ကြားလျှောက်လျှင် ပြာသာဒ်ထက်ရပ်၍ လေသွန်ပြူတင်းဖြင့် မင်းကြီးကြည့်တော်မူသော် "လူလော, နတ်လော, နဂါးလော, ဂန္ဓဗ္ဗလော,အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲဖြစ်စွတကား၊ သွား၍ ကြည့်ချေကုန်"ဟု မင်းချင်းတို့ကို စေတော်မူ၏၊ အလောင်းမင်းသား ဆွမ်းခံပြီးလျှင် မြို့မှထွက်ခဲ့၍ မြို့ရှေ့ပဏ္ဍဝတောင်ရိပ်သို့ ကပ်၍ အရှေ့သို့မျက်နှာမူ၍ ထိုင်တော်မူပြီးသော် ဆွမ်းဘုဉ်းပေးတော်မူအံ့သော ငှါ သပိတ်တော်ကို ဖွင့်၍ကြည့်လျှင် အနီ အဖြူ အကြောင် အကျား အရောရောဆွမ်းကိုမြင်တော်မူ၍ အူအသည်း ပြောင်းပြန်လန်၍ မျိုအန်မည်ကဲ့သို့ ရှိတော်မူ၏၊ ထိုအခါ ကိုယ်တော်ကို အလိုလိုဆုံးမတော်မူသည်ကား "သိဒ္ဓတ်မင်းသား သင်သည် သန့်စင်ပွံ့မွေးလှသော သလေးလမင်းကိုစွန့်ခါ၍ ရလွယ်သောအာဟာရဖြင့် မျှတမှီတင်းလျက်,သေမင်းမတွေ့ရာဘဝ၏ အဆုံးကိုရှာအံ့,ဟု ရည်မှတ်၍ကြီးမြတ်သောမင်း၏ချမ်းသာကိုစွန့်ခါခဲ့သည် မဟုတ်လော၊ အပုပ်အတိပြည့်သော ဤကိုယ်ကိုတန်ဆာဆင်ခြင်း၌အဘယ့် ကြောင့်ရောင့်ရဲခြင်း မရှိသနည်း"ဟု ဆုံးမလျက်ဘုဉ်းပေးတော်မူ၏။

ထိုအကြောင်းကို မင်းချင်းယောကျ်ားတို့ မြင်သဖြင့် အလျင်ပြန်၍ ဗိမ္ဗိသာရမင်းကြီးအား လျှောက်ထားလျှင် ပြည့်ရှင်မင်းကြီးလည်း ဆောစွာလာ၍ ဝမ်းမြောက် ဝမ်းသာ ပြောဟောကြသဖြင့် သုဒ္ဓေါဒနမင်းကြီးသား ဘုရားလောင်း၏အဖြစ်ကိုသိလေသော် "ပြည်တော်ထက်ဝက်ပေးအပ်ပါမည်၊ အသက်အရွယ်ငယ်ပါသေးသည် တောမထွက်ပါနှင့်၊ မင်းပြု၍ စံစားပါဦး" ဟု လျှောက်၏။

ထိုစကားကိုကြားလေသော် "အဆွေတော်မင်းမြတ် ခံစားအပ်သော မင်း၏ ချမ်းသာသည် ရေပေါ်၌တက်သောရေပွက်၏ပမာ တသက်လျှာမျှသာဖြစ်ချေသည် ထိုစည်းစိမ်ကိုမှီ၍ ကိလေသာပွားသဖြင့် များသော အကုသိုလ်ဒုစရိုက်ဖြစ်၍ သံသရာ၌ နှစ်မွန်းရခြင်း၏အကြောင်းသာ ဖြစ်ချေသည်၊ ထို့ကြောင့်ပြည်၏စည်းစိမ်ကို ဘင်အိမ်၌လောကဲ့ တံတွေးပေါက်ကဲ့သို့ ရွံရှာ၍ ငါစွန့်ခွါထွက်ခဲ့သည်" ဟု မိန့်တော်မူ၏၊ ထိုစကားကိုကြားသောအခါ ဗိမ္ဗိသာရမင်းကြီးလည်း ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ပြီးလျှင် "အရှင်သိဒ္ဓတ္ထ မြောင်မတ်စွာသာ အားထုတ်ပါလော့၊ သို့ရာတွင် သင်ဘုရားဖြစ်လျှင် အကျွန်ုပ် ပြည်သို့ ရှေးဦးစွာကြွတော်မူပါ" ဟု လျှောက်၏ ဘုရားလောင်းလည်း "ကောင်းပြီ" ဟု ဝန်ခံတော်မူ၏။

ဇိနတ္ထပကာသနီကျမ်းမှကောက်နုတ်ချက်

# ဘုရားလောင်း
# ဒုက္ကရစရိယာ ကျင့်တော်မူခြင်း

ထိုအရပ်မှသည်အစဉ်သဖြင့်ကြွတော်မူလေသော် တခုသောတောအုပ်၌ လောကီစျာန်ကိုစီးဖြန်းရှိနေသော ကာလာမအမျိုး၌ဖြစ်သော အာဠာရ ရသေ့ထံသို့ကပ်၍ စျာန်သမာပတ်ကိုနှီးနှော၍အားထုတ်သဖြင့် လောကီ စျာန်ခုနစ်တန်ကိုရတော်မူ၏၊ ထိုနောက်မှ ဥဒကရသေ့ထံသို့ကပ်၍ အထက် စျာန်ကိုနှီးနှောစီးဖြန်းပြန်သော် ရှစ်တန်သောသမာပတ်ကို ရတော်မူ၏၊ "ဤရှစ်ပါးသောသမာပတ်တို့သည်မြတ်သောသဗ္ဗညုဘဉာဏ်၏အကြောင်း မဟုတ်ချေ၊အကြောင်းကိုရှာဖွေဦးမှဖြစ်ချိမ့်မည်"ဟု အကြံတော်ဖြစ်ပြန်၍ တဖန် ဥရုဝေလတောအုပ်သို့ကပ်တော်မူသည်၊ ထိုတောအုပ်သို့ရောက်သော် "ဤအရပ်ကား ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာသင့်လျော်သောအရပ်ပေတည်း" ဟု နှလုံးပြု၍ နေတော်မူစဉ် ပဉ္စဝဂ္ဂီတို့နှင့် တွေ့လေ၏။

ထိုပဉ္စဝဂ္ဂီတို့၏အကြောင်းကား.... လက္ခဏာဖတ်ပုဏ္ဏား ခုနစ်ယောက် တို့သည် မိမိ မိမိတို့၏အိမ်သို့ပြန်သွားကြ၍သားတို့ကိုခေါ်ပြီးလျှင် "သုဒ္ဓေါ ဒနမင်းကြီးသားသည် ဘုရားစင်စစ်ဖြစ်လိမ့်မည်၊ ထိုမင်းသားဘုရားဖြစ် သောအခါ အဆုံးအမ၌ တည်၍ရဟန်းပြုကြလေကုန်"ဟု မှာခဲ့၍ ကံအား လျော်စွာ သေလွန်ကြကုန်၏၊ ကောဏ္ဍညအနွယ်ဖြစ်သော သုဒတ္တပုဏ္ဏား တယောက်သာ အသက်ရှည်၍တည်ရစ်သတည်း၊ ဘုရားလောင်းရဟန်း ပြု၍ ဥရုဝေလတောအုပ်သို့ ရောက်ပြီဟုကြားလျှင် ကောဏ္ဍညနှင့်တကွ ပုဏ္ဏားသားလေးယောက်တို့သည်ရဟန်းပြု၍ ဥရုဝေလတောသို့လာကြ ကုန်သဖြင့် ဘုရားလောင်းနှင့်တွေ့လေသတည်း။

(ပဉ္စဝဂ္ဂီတို့၏အမည်ကား ကောဏ္ဍည၊ဝပ္ပ၊ဘဒ္ဒိယ၊မဟာနာမ်၊အဿဇိ တည်း။)

ဘုရားလောင်းသည်း ထိုပဉ္စဝဂ္ဂီတို့လျှင် အလုပ်အကျွေးရှိသည်ဖြစ်၍ တနေ့လုံးကို ဆွမ်းဘလုတ်ဖြင့်သာလည်းကောင်း, သစ်သီးတလုံးဖြင့်သာ လည်းကောင်း, နှမ်းတစေ့, ဆန်တစေ့ဖြင့်သာလည်းကောင်း, နေ့ရက်ကို လွန်စေခြင်း, အလျှင်းပင်အာဟာရကို မမှီဝဲပဲဖြတ်ခြင်းစသည်ကိုပြု၍,ကျင့်တော်မူသဖြင့်ကိုယ်တော် ကြုံလှီစွာရှိရကား လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်များ ကွယ်ပျောက်လေကုန်၏၊ အာဟာရကို မှီဝဲခြင်းနည်းပါးသဖြင့် အလွန်ပင်ပန်းလှရကား အာနာပါနစျာန်ကိုဝင်စားသည်ဘွင် မဝင်စားနိုင်ပဲစင်္ကြံဦး၌လဲတော်မူသည်၊ထိုသို့လဲသည်ကိုမြင်သော် စိတ်ကျွမ်းမဝင်သောနတ်တို့သည် သုဒ္ဓေါဒနမင်းကြီးထံသွား၍ "သင်၏သားသည် ဘုရားမဖြစ်ရရှာပြီ ဒုက္ကရစရိယာကျင့်စဉ်တွင် စင်္ကြံဦး၌ကမ္ဗဌာန်းစီးဖြန်းယင်း လဲ၍ သေပြီ"ဟုကြားကြ၏၊ခမည်းတော်လည်း အကြိမ်များစွာ နတ်တို့လာ၍ကြားသော်လည်း"ဘုရားမဖြစ်ပဲ ငါ့သားမသေနိုင်"ဟုယုံတော်မမူ။

ဘုရားလောင်းသည်လည်း ယင်းသို့ ဒုက္ကရစရိယာ အကျင့်ကို ခြောက်နှစ်တိုင်အောင် ကျင့်တော်မူပြီးမှ "ငြိုငြင်စွာသော ဤအကျင့်ဖြင့် ဘုရားအဖြစ်သို့ မရောက်နိုင်ရာ၊သတ္တဝါတို့၏ ဓမ္မတာလည်းသဒ္ဓါလွန်လျှင်ကွန့်သည်၊ ပညာလွန်လျှင်ဆွံ့သည်၊ဝီရိယလွန်လျှင်ပြန့်သည်၊သမာဓိလွန်လျှင်တွန့်သည် သတိသာလျှင် လွန်သည်မရှိ လိုသည်သာဖြစ်သည်၊ ထို့ကြောင့် ယခုငါသည် အာဟာရကို မျှစေလျက် ကိုယ်လက်ဖြည့်တင်း၍ သဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိကို မျှတစေတော့အံ့"ဟု ကြံလျက် ထိုသို့မြို့ရွာသို့ချဉ်းကပ်၍ ခံအပ်သော ဆွမ်းကို ဘုဉ်းပေးတော်မူ၏၊ ထိုသို့ဘုဉ်းပေးရာတွင်မှ မဟာပုရိသလက္ခဏာတော်တို့သည် ပေါ်မြဲပြကတေ ဖြစ်ပြန် သတည်း၊ ထိုအခါပဉ္စဝဂ္ဂီတို့က "သိဒ္ဓတ်မင်းသားသည် အလွန်ခြိုးခြံစွာ ကျင့်သည်ကိုမျှ ဘုရားမဖြစ်နိုင်၊ ယခုအဘယ်မှာ ဖြစ်တော့အံ့နည်း"ဟု ဘုရားလောင်းကို စွန့်ခွါ၍ တဆယ့်ရှစ်ယူဇနာကွာသော ဣသိပတနမိဂဒါဝုန်တောသို့ သွားကြကုန်သည်၊ ထိုနောက်မှ ကိုယ်တော် တယောက်တည်းကျင့်တော်မူ၍ လူတို့သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လဆန်း ၁၄-ရက် အင်္ဂါနေ့ညဉ့်တွင် အိပ်မက်ကြီး ငါးအင်ကို မြင်တော်မူ၏။

## အိပ်မက်ကြီး ငါးပါးကား

၁။ "မြေအပြင်ကို အိပ်ရာပြု၍ ယူဇနာငါးရာရှိသော ဟိမဝန္တာတောင်ကို ခေါင်းအုံးလျက် အရှေ့အနောက် သမုဒ္ဒရာအပြင်ထက် လက်တော်ကို ထားပြီးသော် ခြေတော်အစုံကို တောင်သမုဒ္ဒရာ၌ထားလျက် စက်တော်မူရသည်"ဟု မြင်မက်သည်လည်း တပါး။

၂။ "ဝင်ရိုးပမာ သဏ္ဌာန်အဆင်းရှိသော တိရိယမည်သော မြက်သည် ချက်တော်မှဖောက်၍ ဘဝဂ်သို့ရောက်အောင် တက်သည်"ဟု မြင်မက်သည်လည်း တပါး။

၃။ "အဆင်းဖြူသော ပိုးမျိုးသည်ခြေတော်မှပုဆစ်တိုင်အောင်လွှမ်း၍ တက်သည်"ဟု မြင်မက်သည်လည်း တပါး။

၄။ "အထူးထူးသော အဆင်းရှိသော ငှက်အပေါင်းတို့သည် လေးမျက်နှာမှလာကုန်၍ ခြေတော်ရင်းမှာနေကုန်သော် အလုံးစုံ အဖြူချည်းသာဖြစ်ကြသည်"ဟု မြင်မက်သည်လည်း တပါး။

၅။ "ကြီးစွာသော မစင်တောင်ထက်သို့တက်၍ စင်္ကြံသွားသော်လည်း မစင်လိမ်းကပ်ခြင်းမရှိ"ဟု မြင်မက်တော်မူသည်လည်း တပါး။

ဤငါးပါးသော အိပ်မက်ကို မြင်တော်မူ၍ ဆင်ခြင်တော်မူလျှင် "ငါသည် ယနေ့စင်စစ် ဘုရားဖြစ်အံ့သည်"ဟု ကြံရည်ဆုံးဖြတ်၍မိုးသောက်ယံ၌ ဆွမ်းခံသွားအံ့သော အချိန်ကိုငံ့လင့်တော်မူလျက် နံနက်စောစောကလျှင်လာတော်မူ၍ သေနာနိဂုံး၏ အနီး ကြီးစွာသော ညောင်ပင်ရင်း၌ ထွန်းလင်းသောကိုယ်ရောင်ကို ဖြစ်စေလျက် နေတော်မူလင့်၏။

ထိုအခါ၌ ကြုံကြိုက်သောလာဘ်သည်ကား ဥရုဝေလတော၏အနီး သေနာနိဂုံး၌ မဟာသေနမည်သောသူကြွယ်သမီး သုဇာတာသည် အရွယ်သို့ ရောက်စ ကာလက ညောင်ပင်အရှင်းသို့ကပ်၍ "အကျွန်ုပ်သည် အမျိုးတူသောယောကျ်ားနှင့် ပေါင်းမိ၍ အစစွာ သားယောကျ်ားကိုရပါအံ့၊

အရှင်ရဟန္တာစိုးအား တနှစ်တကြိမ်တသိမ်းသော ဥစ္စာကိုစွန့်၍ ပူဇော်ပါမည်၊ အကျွန်ုပ်အား မစတော်မူပါ”ဟု ဆုတောင်း၏၊ ဆုတောင်းတိုင်းပြည့်စုံလျှင် ကဆုန်လပြည့်နေ့ ဗလိနတ်စာကို ပြုလိုပါရကား မဆွကပင် နွားမတထောင်ကို နွယ်ချိုတော၌ ကျောင်း၍ ထိုတထောင်သောနွားမကို ငါးစုပြု၍ ရှစ်ရာသောနွားမတို့၏ နို့ရည်ကို နှစ်ရာသောနွားမတို့၌ တိုက်သည်၊ ၎င်းနှစ်ရာကို ငါးစုပြုပြန်၍ တရာ့ခြောက်ဆယ်သော နွားမ ဘို့၏ နို့ရည်ကို လေးဆယ်သော နွားမတို့၌တိုက်သည်၊ ထိုလေးဆယ်ကိုငါးစုပြုပြန်၍ လေးစုသောနွားမတို့၏နို့ရည်ကိုရှစ်ခုသောနွားမတို့၌တိုက်ပြန်သည်၊ ထိုရှစ်ခုသော နွားမတို့၏ နို့ရည်ဖြင့်သော ဃနာနို့ဆွမ်း ချက်လေသော် အလောင်းတော်မြတ် ဘုဉ်းပေးရမည်ကိုသိ၍ လောကပါလနတ်မင်းကြီး လေးယောက်တို့ ခုံလောက်၌ စောင့်လာကုန်သည်၊ ဗြဟ္မာကြီး ထီးဖြင့်ကာသည်၊ သိကြားမင်းလည်း ထင်းထိုးသည်၊ တသောင်းသောစကြဝဠာမှ နတ်ဗြဟ္မာအပေါင်းတို့သည် ကောင်းမြတ်သော နတ်သြဇာတို့ကို ထည့်ကြကုန်သည်။

[ပါဠိမြိခန်း၌—

“ငါးရာနွားကို၊ ကြိမ်များဖန်ဖန်၊ ရည်ပြန်တိုက်ပြီး၊ မကားကြီးတည်း၊ သင်းသီးရှစ်ခု၊ နို့နပ်ပြုလျက်” ဆိုသည်မှာ……

သဟဿဂါဝီနံ လတာဝနေ စရာပေတွာ တတော ဂဟေတွာ ပဥ္စ ရာသိ ကတွာ တိက္ခတ္တုံ ဘဇိတွာ အဋ္ဌေ အဋ္ဌဂါဝီနံ မဓုရရသံ ဒုဟိတွာ….

ဟူသော သုတ်မဟာဝါအဋ္ဌကထာ,

ဓေနုသဟဿံ လဋ္ဌိမဓုဝနေ စရာပေတွာ တတော တိက္ခတ္တုံ ဝိဘာဂေန ပါယေတွာ—

ဟူသောဗုဒ္ဓဝင်အဋ္ဌကထာ, အပဒါန်အဋ္ဌကထာတို့နှင့်မညီ၊ ကျမ်းဂန်တို့၌ နွားမတထောင်ဟုသာလျက် ငါးရာဟုမဆိုတန်၊ ‘ငါးရပ်နွားကို’ ဟု စပ်ရင်း စကားသည် အရေးအသားပျက်၍သာ ရှိမည်ထင်သည်။]

ယင်းသို့ ထူးမြတ်စွာသော နို့ဃနာကိုချက်ပြီးမှ ပုဏ္ဏာအမည်ရှိသော ကျွန်မကို "ငါတို့ညောင်စောင့်နတ်မင်းနေရာကို သုတ်သင်ပါချေ" ဟု စေသဖြင့်ကျွန်မသွား၍ကြည့်ရှုလေသော် ကိုယ်တော်ရောင်ဖြင့်ညောင်ပင်အလုံးကိုထွန်းလင်းစေလျက် ညောင်ပင်ရင်း၌ အရှေ့လောကဓာတ်သို့ ရှေးရှုနေတော်မူသော ဘုရားလောင်းကို မြင်သဖြင့် ရှင်လှစွာသော စိတ်ရှိလျက် မြက်မိုက်တို့ကိုသုတ်သင်ခဲ့ပြီးမှ အိမ်သို့လာ၍ သုဇာတာအား လျှောက်၏။ "အရှင်မ ယနေ့ငါတို့အရှင်နတ်မင်းသည် ညောင်ပင်ရင်း၌ ကိုယ်ထင်ပြ၍ အတုမရသော အသရေဖြင့် စံတော်မူသည်၊ အံ့ဖွယ်ရှိလှ၏၊ လျင်စွာကြွ၍ ပူဇော်လေ" ဟု လျှောက်၏၊ သုဇာတာလည်း ပုဏ္ဏာအမည်ရှိသော ကျွန်မ၏ စကားကို ကြားသော် အားရဝမ်းသာလှသည်ဖြစ်၍ အသပြာတသိန်းထိုက်သော ရွှေခွက်၌ အလုံးစုံသော ဃနာနို့ဆွမ်းကို ထည့်၍ တခုသော ရွှေခွက်ဖြင့်ဖုံး၍ ယူဆောင်လေသဖြင့် ညောင်ပင်ရင်းသို့ ရောက်၍ ဘုရားလောင်း၏ တင့်တယ်ခြင်းကို မြင်ပြန်လျှင် အတိုင်းထက် အလွန်ပင် နှစ်သက်ရကား ရွှေခွက်ပါပူဇော်၏၊ ထိုအခါ ဃဋီကာရဗြဟ္မာလှူသော သပိတ်တော် ကွယ်ပြီးဖြစ်၍ ရွှေခွက်နှင့်တကွခံတော်မူ၏။

(ဘုရားလောင်းတို့သည် ဘုရားဖြစ်သည့်နေ့၌အဖိုးတသိန်းထိုက်သော ရွှေခွက်ရကြမြဲ ဓမ္မတာတည်း။)

ဇိနတ္ထပကာသနီကျမ်းမှ ကောက်နုတ်ချက်

# ဘုရားလောင်းသိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်သို့ရောက်ခြင်း

ယင်းသို့နို့ဃနာဆွမ်းကို ခံတော်မူပြီးလျှင် အနီးဖြစ်သောနေရဉ္ဇရာမြစ်သို့ကပ်တော်မူ၍ ဘုရားလောင်းတို့ရေချိုးမြဲဖြစ်သော သုပ္ပတိဋ္ဌိတမည်သော ဆိပ်၌ ရေချိုးတော်မူပြီးမှ ကမ်းခုံစထက် ထက်ဝယ်ဖွဲ့၍ အရှေ့အရပ်သို့ ရှေးရှုနေတော်မူလျက်ထန်းသီးမှည့်ပမာဏရှိသော[၁] ဆွမ်းလုတ်ဖြင့် လေးဆယ့်ကိုးလုတ် ပရိဘုတ်တော်မူပြီးလျှင် "ငါသည် ယနေ့စင်စစ် ဘုရားဖြစ်မည်မှန်မူရေညာသို့ဆန်စေသတည်း" ဟု အဓိဋ္ဌာန်၍ ရွှေခွက်ကိုမျှောတော်မူလျှင် ရွှေစင်ခွက်သည်ရေအယဉ်ကိုဖြတ်၍ မတ်မတ်ဆန်ပြီးမှ မြစ်လယ်သို့ကျသောအခါ ရေညာသို့ အတောင်ရှစ်ဆယ်ခန့်ဆန်၍ မြုပ်လေသဖြင့် ကာဠနဂါး ဗိမာန်၏အပါး ရှေးဘုရားတို့ရွှေခွက်သုံးလုံးကိုထိ၍ ထိုရွှေခွက်တို့အောက်၌ တည်လေ၏။

ဘုရားလောင်းလည်း ဆွမ်းဘုဉ်းပေးပြီးလျှင် ထိုနေရဉ္ဇရာမြစ်၏ အနီးဖြစ်သော အင်ကြင်းတော၌ နေ့သန့်၍ မူလကမ္မဋ္ဌာန်းဟု ဆိုအပ်သော ကာယဂတာသတိ ဘာဝနာကို ကောင်းစွာစီးဖြန်း၍ ညချမ်းသောအခါ ကာဠနဂါးမင်းသည် 'ဘုရားခုတင် ခုပွင့်ပေသည်'ဟု မြည်တမ်းသော ကောင်းချီးသံကိုနာခံ၍ ကုမ္ဘဏ်,ဂဠုန်,နတ်,အသုရာ,ဗြဟ္မာ,သိကြားစသော နတ်အများတို့သည်ဓိမ်ဖန်ဆင်းအပ်သည်ဖြစ်၍ရှစ်ဥသဘကျယ်သော ပန်းတို့ဖြင့် ပြွမ်းသော နတ်လမ်းမဖြင့် မဟာဗောဓိရှိရာသို့ ကြွတော်မူသော်—

သောတ္ထိယအမည်ရှိသော မြက်ထမ်းယောကျ်ားသည် လမ်း၌ကပ်လှူအပ်သော မြက်ရှစ်ဆုပ်ကိုခံတော်မူ၍ မဟာဗောဓိပင်သို့ကပ်ပြီးမှ တောင်အရပ်က ရပ်တော်မူလျှင် ထက်ဝန်းကျင်သော မြေပြင် စကြဝဠာတို့သည်

---

၁။ ထန်းသီးစေ့ ပမာဏရှိသော—ဟု အချို့အယူရှိသည်။

စောင်းထောင်လာဘီသကဲ့သို့ ထင်မှတ်၍ "ဤအရပ်ကား ဘုရားဖြစ်ရာ မဟုတ်"ဟု ကြံလျက် တဖန်အနောက်အရပ်၊ မြောက်အရပ်တို့ကို အစဉ်အတိုင်းလည်၍ ရပ်တော်မူပြန်လျှင် မြေပြင်စကြဝဠာတို့သည် စောင်းထောင်၍သာ ထင်လာရကား "ဘုရားဖြစ်ရာ မျက်နှာမဟုတ်ချေသေး"ဟု ကြံတွေးတော်မူ၍ အရှေ့သို့လှည့်၍ ရပ်တော်မူလျှင် မြေပြင်ကြံ့ကြံ့ခံရကား "ဘုရားဖြစ်ရာဌာနမှန်ပြီ"ဟု နှလုံးပိုက်၍မြက်ရှစ်ဆုပ်ကို အဖျားကကိုင်၍ ကြဲဖြန့်တော်မူလျှင် တဆယ့်လေးတောင် အပြန့်ကျယ်သော အပရာဇိတပလ္လင်ဖြစ်၍ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူကာ အာနာပါနစျာန်ကိုဝင်စား၍ "ဘုရားမဖြစ်သမျှကို ဤနေရာက ငါမထပြီ"ဟု စတုရင်္ဂဝီရိယဖြင့် နေတော်မူသော်—

သိကြားမင်းသည် တကြိမ်မှုတ်လျှင် လေးလကြာမှ အသံစဲသော အတောင်တရာ့နှစ်ဆယ်ရှိသော ဝိဇယုတ္တရမည်သော ခရုသင်းကိုမှုတ်လျက်၊ ကာဠနဂါးမင်းသည် တထောင်သောဂါထာတို့ဖြင့် ကောင်းချီးပေးလျက်၊ ဗြဟ္မာမင်းသည် ထီးဖြူမိုးလျက်၊ သုယာမနတ်မင်းကြီးကား သားမြီးယပ်ခပ်လျက်၊ သန္တုဿိတနတ်မင်းကြီးကား ပတ္တမြားယပ်ဖြင့်ခပ်လျက်၊ ပဉ္စသိခနတ်မင်းသည် ဥသျှစ်မှည့်အဆင်းရှိသော ဗေလုဝပဏ္ဍုမည်သော စောင်းကိုတီးလျက်၊ များစွာသောနတ်တို့သည် အထူးထူးသော ပူဇော်သက္ကာရဖြင့် ပူဇော်လျက်၊ ဇနကြကုန်စဉ်—

ဝသဝတ္တီမာရ်နတ်မင်းလာ၍ လက်ဝဲတဆယ့်နှစ်ယူဇနာ၊ လက်ယာတဆယ့်နှစ်ယူဇနာ၊ နောက်မျက်နှာကစကြဝဠာတံတိုင်းထိ အထက်ကိုကိုးယူဇနာရှိသော နတ်စစ်သည် ဗိုလ်ပါအပေါင်းတို့ဝန်းရံလျက် ယူဇနာတရာ့ငါးဆယ်ရှိသော ဂိရိမေခလာဆင်ထက်၌ စီး၍ အသီးသီး လက်နက်ကိုင်သော လက်ရုံးတထောင်ကို ဖန်ဆင်းလျက် တိုက်ဖျက်လာသည်ကို ပါရမီတော်အဟုန်ဖြင့် နေမဝင်မီ အောင်မြင်တော်မူပြီးမှ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကိုရ၍ မိုးသောက်ထအခါ စကြဝဠာတသောင်းလုံးကို တုန်လှုပ်စေလျက် ပဋိစ္စသမုပ္ပါဒ်မှစ၍အာနာ

ပါနစတုဋ္ဌစျာန်ကိုဝင်စား၍ ဝိပဿနာကိုပွားစေသည်တွင် အစဉ်အတိုင်း ရအပ်သော အာသဝက္ခယဉာဏ်ဖြင့် ကိလေသာအပေါင်းကို ထောင်းထောင်းပိုင်းဖြတ်လျက် မဂ်လေးတန်ကို အစဉ်အတိုင်းရ၍ ထိုရအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ တဆယ့်ကိုးချက်၏အဆုံး၌ အလုံးစုံသောတရားကို သိတတ်သောသဗ္ဗညုတဉာဏ်ကိုရ၍ သက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်သည်နှင့် တပြိုင်နက် စန်းနှင့်ဝိသာခါအကြိုက်တွင် လောကသုံးပါး၏ အထွတ်အထိပ်ဘဝိဿရအဖြစ်သို့ ရောက်တော်မူ၍ 'အနေကဇာတိ သံသာရံ' စသော ဉဒါန်းကို ကျူးတော်မူ၏။

ဝိနည်းပါဠိတော်သနိကျမ်းမှ ကောက်နုတ်ချက်

# မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း

ယင်းသို့ လူနတ်တို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဘုရားသခင် သီတင်းသုံးနေတော်မူကြောင်းကို သုဒ္ဓေါဒနမင်းကြီးကြားသိလေသော် အမတ်တယောက်ကို ခေါ်၍ "အချင်းအမတ် သင်သည် ယောကျ်ားအခြံရံ တထောင်နှင့်တကွ ရာဇဂြိုဟ်ပြည်သို့သွား၍ ငါ့စကားဖြင့် သားတော်ဘုရားကို ပင့်လျှောက်ချေ၊ "အရှင့်ခမည်းတော်သည် အိုမင်းသောအရွယ်သို့ရောက်ချေပြီ၊ သားတော်ဘုရားကို မတွေ့မမြင်သည်လည်း ကာလရှည်လေပြီ၊ မသေခင်ကို ဖူးမြင်လိုပါသည်၊ မဖျားမနာ ကျန်းမာစဉ်က မွေးသည့်ဖခင် ဖူးမြင်ရအောင် ကြွတော်မူပါ" ဟုလျှောက်၍ ငါ့သားဘုရားကို ပင့်ဆောင်ချေ" ဟု စေလိုက်၏။

ထိုအမတ်လည်း "ကောင်းပါပြီ" ဟု ဝန်ခံ၍ ဗိုလ်ရံတသောင်နှင့်တကွ သွား၍ ဘုရားရှေ့မှောက်သို့ ရောက်သောအခါ ရာဇဂြိုဟ်ပြည်သားတို့ တရားနာခိုက်နှင့်ကြုံ၍ ပရိသတ်စွန်းက တရားတော်ကို နာ၍နေကြသော် ဒေသနာတော်၏အဆုံး၌ အလုံးစုံသော ကိလေသာအစဉ်ပြတ်၍ အရဟတ္တဖိုလ်သို့ ရောက်သဖြင့် ရဟန်းပြုလိုကြောင်းကို တောင်းပန်ကြလေလျှင် ဧဟိ ဘိက္ခုခေါ် တော်မူ၍ ရဟန္တာဖြစ်ကြလေကုန်၏။

ယင်းသို့ ရဟန္တာဖြစ်ပြီးသောအခါမှစ၍ အရိယာဘို့သဘောသည်အလုံးစုံသောကိစ္စ၌ လျစ်လျူရှုသည်သာဖြစ်ရကား သုဒ္ဓေါဒနမင်းကြီး မှာကြားအပ်သောစကားကို မြတ်စွာဘုရားအား မလျှောက်ကြားပဲနေလေကုန်၏၊ သုဒ္ဓေါဒနမင်းကြီးလည်း သွားလေသောအမတ်တို့ ပြန်ချိန်သင့်၍ မပြန်လာသော် လိမ္မာသော အမတ်တယောက်ကိုခေါ်၍ ရှေးနည်းအတူ စေ

ပြန်၏၊ ထိုအမတ်လည်းဘုရားထံသို့ရောက်လျှင် ယခင်သူတို့ကဲ့သို့ ပရိသတ်နှင့်တကွ ရဟန္တာဖြစ်ကြ၍ ဘုရားသခင်အား မလျှောက်ကြားပဲ ဆိတ်ဆိတ်သာနေ၏။

ဤသို့ ထပ်ကာထပ်ကာ ကိုးကြိမ်တိုင်တိုင် စေပါသော်လည်း သတင်းစကားမျှမရောက်လာ၊ ဆိတ်ဆိတ်သာဖြစ်လေကုန်လျှင် ဖခင်သုဒ္ဓေါဒနမင်းကြီးသည်လည်း "ငါ၏နန်းတော် ပြည်တော်၌ ရှိနေကုန်သောလူအပေါင်းတို့သည် ငါ၌ချစ်ခြင်းပင် မရှိကြချေသောကြောင့် သတင်းစကားကိုမျှ မကြားလာကြကုန်၊ ယခုအခါ ဘယ်သူသာလျှင် ငါ့အား သတင်းစကားကို ကြားရအောင် ရွက်ဆောင်ပါမည်နည်း၊ ငါ့သားဘုရားကို ဖူးမြင်ရအောင် ပင့်ဆောင်နိုင်ပါမည်နည်း" ဟု မြည်တမ်းလျက် ဗိုလ်ပါအပေါင်းကို ကြည့်လတ်သော် ဖွားဖက်တော်ဖြစ်သော ကာဠုဒါယီအမတ်ကိုမြင်၍ "အချင်းကာဠုဒါယီ သင်သည် ငါ့သားဘုရားကို ဖူးမြင်ရအောင် ပင့်ဆောင်နိုင်ပါမည်လော" ဟု မေးလတ်လျှင် "အရှင်မင်းကြီး အကျွန်ုပ်ရဟန်းပြုရပါမူ တတ်နိုင်ပါ၏" ဟု လျှောက်ပေ၏။

မင်းကြီးလည်း "အချင်းအမတ် သင်ရဟန်းပြုလိုလည်း ပြုလော၊ မပြုလိုလည်း မပြုပဲနေစေ၊ ငါ့သားကိုသာ မြင်ရအောင်ကြံဆောင်ပါ" ဟု ဆို၏၊ ကာဠုဒါယီအမတ်လည်း ဗိုလ်ပါတထောင်နှင့်တကွ သွားလေ၍ ဘုရားခြေတော်ရင်းသို့ရောက်လျှင် ပရိသတ်တို့အား တရားဟောတော်မူခိုက်ကြုံသည်နှင့် ပရိသတ်စွန်းက တရားနာလေလျှင် အခြွေအရံတထောင်နှင့်တကွ ရဟန္တာအဖြစ်ကိုရ၍ ဧဟိဘိက္ခုချည်းဖြစ်ကြလေကုန်၏။

ထိုသို့ ကာဠုဒါယီရောက်၍ ခုနစ်ရက်, ရှစ်ရက်မြောက် ရှိလျှင် အလုံးစုံသော ဆောင်းဥတုကုန်လေ၍ နွေဥတုအပြောင်း တပေါင်းလပြည့်နေ့ ကြိမ်၍ ခြောက်ဆယ်မျှ လောက်သော ဂါထာတို့ဖြင့် ကာလသမယကို ချီးမွမ်း၍ သုဒ္ဓေါဒနမင်းကြီး မှာကြားလိုက်သော သတင်းစကားကို ဘုရားသခင်အား လျှောက်၍ ဆွေတော်မျိုးတော်တို့ကို ချီးမြှောက်ခြင်းငှာ ကပိလဝတ်ပြည်သို့ ကြွတော်မူပါမည့်အကြောင်းကို ခွင့်တောင်းလျှောက်ထား၏။

ဘုရားသခင်လည်း သံဃာတော်အပေါင်းတို့အား ခရီးသွားခြင်း၌ ပြုထိုက်သော ဂမိယဝတ်ကို ပြည့်စုံစေလျက် မဂဓတိုင်းသား သံဃာတသောင်း, ကပိလဝတ်မြို့သား သံဃာတသောင်း ခြံရံလျက် တပေါင်းလပြည့်ကျော်တရက်နေ့ပင် ရာဇဂြိုဟ်ပြည်မှ ထွက်ကြွတော်မူ၏။

ဤအရာ၌ ကျမ်းဂန်လာတိုင်း ယူရန်ခက်ခဲသည်ကား ဗုဒ္ဓဝင်အဋ္ဌကထာ၌—

ယဒါ ပန သတ္ထာ ဗုဒ္ဓေါ ဟုတွာ ဗာရာဏသိယံ ဣသိပတနမိဂဒါယေ ပဌမဝဿံ ဝသိတွာ ဝုတ္ထဝဿော ပဝါရေတွာ ဥရုဝေလာယံ ဂန္တွာ တတ္ထ တယော မာသေ ဝသန္တော တေဘာတိကဇဋိလေ ဒမေတွာ ဘိက္ခုသဟဿပရိဝါရော ဖုဿမာသပုဏ္ဏမိယံ ရာဇဂဟံ ဂန္တွာ ဒွေမာသေ တတ္ထ ဝသိ—

အစရှိသော ဥဒ္ဒေသပါဠိဖြင့် ဘုရားသခင်သည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ပဌမဝါကပ်တော်မူ၍ ဝါကျွတ်ပြီးသော် ပဝါရဏာပြုတော်မူ၍ ဥရုဝေလသို့ ကြွတော်မူသည်၊ ထို တောအုပ်၌ သုံးလနေတော်မူ၍ ရသေ့ညီနောင် ရှင်တထောင်တို့ကို ဆုံးမတော်မူပြီးလျှင် ထိုရဟန်းတထောင် ခြံရံလျက် ပြာသိုလပြည့်နေ့ ဥရုဝေလတောမှ ထွက်ကြွတော်မူ၍ ယူဇနာသုံးဆယ် ကွာခြားသော ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူသည်၊ ဤရာဇဂြိုဟ်ပြည်၌လည်း နှစ်လသာနေတော်မူ၍ တပေါင်းလပြည့်နေ့ရောက်သောအခါ ကာဠုဒါယီ ပင့်လျှောက်သော စကားဖြင့် ကပိလဝတ်ပြည်သို့ လပြည့်ကျော်တရက်နေ့ပင် ထွက်ကြွတော်မူသည်ဟု ဆိုသောစကားသည် အထက်ဆိုလတ္တံ့သော—

သုဒ္ဓေါဒနမဟာရာဇာ ပုတ္တော မေ ဆဗ္ဗဿာနိ ဒုက္ကရကာရိယံ ကတွာ ပရမာဘိသမ္ဗောဓိံ ပတွာ ပဝတ္တိတဝရ ဓမ္မစက္ကော ရာဇဂဟံ ပတွာ ဝေဠုဝန ဝိဟာရေ ဝိဟရတီတိ သုတွာ အညတရံ မဟာအမစ္စံ အာမန္တေသိ။ ပ။ တေနေဝ နိယာမေန နဝက္ခတ္တုံ အမစ္စေ ပေသေသိ။ ဟူသောစကားနှင့် ဆန့်ကျင်၏။

အသို့ဆန့်ကျင်သနည်းဟူမူကား ကပိလဝတ်ပြည်နှင့် ရာဇဂြိုဟ်သည် ယူဇနာခြောက်ဆယ် ခရီးကွာရကား နှစ်လသွားခရီးဖြစ်သည်၊ ရာဇဂြိုဟ်ပြည်၌ နှစ်လသာ နေတော်မူတည့်လျှင် ဘုရားသခင် ရာဇဂြိုဟ်ပြည်သို့ရောက်ကြောင်း သတင်းစကားကို ကပိလဝတ်ပြည်က ကြားအံ့ ရှမျှရှိသေးသည်၊ ခမည်းတော် မင်းကြီးလည်း သတင်းစကားကို ကြားရမှပင် အမတ်တို့ကို စေလွှတ်ရမည်၊ ရှေးစေလိုက်သော အမတ်တို့ပြန်ချိန် သင့်၍ မပြန်လာမှ ထပ်ဆင့်ကာ လွှတ်ရပြန်မည်၊ ဤသို့သောနည်းဖြင့် အမတ်ဆယ်ယောက်ကို ဆယ်ခေါက်လွှတ်မှ ဘုရားကြွတော်မူချေသည်၊ ထိုစေသော ကာလ အမတ်တို့လည်း ဆဋ္ဌာဘိညမဟုတ်ကြသေး၍ ယူဇနာခြောက်ဆယ်မျှကို နှစ်လနှင့် ဆယ်ခေါက်မသွားနိုင်ရာ၊ ဘုရားတန်ခိုးတော်ကြောင့်သာ ဖြစ်သည်ဟု ကြံရမည်လည်း ဘုရားသခင်က တန်ခိုးနှင့်စေကြောင်းကို အရိပ်အမြွက်မျှမထင်၊ ဆယ်ပါးသောတန်ခိုးတွင်လည်း မဝင်၊ ထို့ကြောင့် ဆင်ခြင်ခြင်းငှာ ခဲယဉ်းသည်။

ဥရုဝေလတောမှ သိဟိုဠ်သို့ပြာသိုလပြည့်နေ့ ဘုရားကြွတော်မူကြောင်းကို အင်္ဂုတ္တိုရ် အဋ္ဌကထာ,သာရတ္ထဒီပနီဋီကာတို့၌—

> ဘဂဝါ ကိရ အဘိသမ္ဗောဓိတော နဝမေ မာသေ ဖုဿပုဏ္ဏမ-
> ဒိဝသေ ယက္ခာဓိဝါသံ လင်္ကာဒီပံ ဥပဂန္တွာ-ဟုလာသည်။

မဟာဝင်, ဒီပဝင်တို့၌လည်း ဤနည်းတူပင်ဆိုကုန်သည်၊ ထိုပြာသိုလပြည့်နေ့သည် အင်္ဂတိုင်း, မဂဓတိုင်းသူတို့ ဥရုဝေလ ရသေ့တို့အား ကြီးမားသော ပူဇော်သက္ကာပွဲဖြစ်၍ "ယနေ့ရှင်ဂေါတမ ငါတို့ထံသို့ မလာမူ ကောင်း၏"ဟု ရသေ့တို့ အကြံရှိသည်ကို သိတော်မူ၍ မြောက်ကျွန်း၌ ဆွမ်းခံပြီးသော် အနောတတ်အိုင်နား၌ ဘုဉ်းပေးတော်မူ၍ စန္ဒကူးတော၌ နေ့သန့်တော်မူပြီးလျှင် ညချမ်းသော အခါ လင်္ကာဒီပသို့ ကြွတော်မူကြောင်းကို ဝိနည်းမဟာဝါ အဋ္ဌကထာ, တေရသကဏ္ဍဋီကာစသည်တို့၌လာသည်။ ထို့နောက်လည်း တန်ခိုးပြာဋိဟာတို့ကိုပြ၍ ဥရုဝေလ၌ပင် နေတော်မူသေးသည်ဖြစ်၍ "ပြာသိုလပြည့်နေ့ ဥရုဝေလတောမှ

ထွက်ကြွတော်မူ၏" ဟူသောစကားတို့သည် တပါးကျမ်းဂန်နှင့်ညှိ၍ ယူတွက်မရနိုင်။

ဝေဠုဝန်ကျောင်းကို ခံတော်မူသည့်နောက် နှစ်ရက်သုံးရက် မြောက်နေ့ပင် ရှင်သာရိပုတြာတို့ မြတ်စွာဘုရားထံ ရောက်ကြောင်းကိုလည်း ဓမ္မပဒအဋ္ဌကထာ, အပဒါန်အဋ္ဌကထာတို့၌ လာသည်။ ဤသို့ ကျမ်းဂန်များစွာ လာသည်ကို နှိုင်းနှောသော် ဥရုဝေလတောမှ ပြာသိုလပြည့်ကျော် ဆယ်ရက်နေ့တွင် ထွက်တော်မူ၍ ဆယ့်တရက်နေ့ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူလျှင် ပြည်သူပြည်သားအပေါင်းနှင့်တကွ ဗိမ္ဗိသာရမင်းကြီးအား နာရဒဇာတ်ကို ဟောတော်မူသည်။

၎င်းလကွယ်နေ့ပင် အရှင်သာရိပုတြာတို့ ရဟန်းပြုလာကြသည်၊ တဆယ့်ငါးရက်မြောက် တပို့တွဲလပြည့်နေ့မှ ရဟန္တာဖြစ်၍ ထိုနေ့ပင် သာဝကသန္နိပါတကို ပြုတော်မူ၍ ပါတိမောက်ပြတော်မူသည်၊ ထိုနောက်မှလည်း ကျွတ်ထိုက်သော ဝေနေယျ တို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူ၍ ဤနှစ်ဝါဆိုပြီးမှ သက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလတွင် ကပိလဝတ်ပြည်သို့ ကြွတော်မူသည်ဟု ယူမှ ဗုဒ္ဓဝင်,ရာဇဝင်, အနာဂတဝင်, မဟာဝင်တို့ အစဉ်ကျနညီညွတ်မည်။ ဉာဏ်စွမ်းရှိတိုင်း မျှော်၍ ကြံတော်မူကုန်။

ကျမ်းဂန်ကျန နိုင်နင်းလှ၍ မြန်မာ့တိုင်းအလုံးကျော်စောသော အရှင်သီလဝံသ ထေရ်မြတ်လည်း ရာဇဂြိုဟ်ပြည်၌ ဝါကပ်ပြီးမှ ကပိလဝတ်ပြည်သို့ ကြွတော်မူကြောင်းကို ဆုတောင်းခန်း၌——

ဥရုဝေလ၊ ကဿပက၊ ခသည်ညီနောင်၊ ရှင်တထောင်အား၊
တိမ်မှောင်မိစ္ဆာ၊ ဒိဋ္ဌိခွါ၍၊ အရာနောက်တော်၊ ပါအောင်ခေါ်
ပြီး၊ ပြည်ကျော်နဂိုရ်၊ ရာဇဂြိုဟ်တွင်၊ ဆောက်တုံကျင်မှု၊ ဖူးမြင်
လာရှောင်း၊ တသိန်းပေါင်းနှင့်၊ နှစ်သောင်းမကြွင်း၊ ဗိမ္ဗိမင်းကို၊
လင်းစေမျက်မှောက်၊ အမိုက်ဖျောက်၍၊ ရောက်တုံထိုခါ၊ ဝါလနီး

သော်၊ စောခီးရှင်မှန်၊ ဝေဠုဝန်၌၊ တဖန်ပျော်မိန်း၊ ငြိမ်သက်ကိန်းသည်၊ ရှင်ဖိန်းမင်္ဂဖိုလ်ဝိထိဘည်း။

ဟူ၍ ဗုဒ္ဓဝင် အဋ္ဌကထာသို့ မလိုက်၊ ရာဇဝံ့ပိုဟ်၌ ဝါဆိုကြောင်းကို စပ်သည်။]

ယင်းသို့ ဘုရားကြွတော်မူလျှင် ကာဠုဒါယီထေရ်လည်း သုဒ္ဓေါဒနမင်းကြီးအား သတင်းစကား ကြားသိစေခြင်းငှါ မြတ်စွာဘုရားအလျင်ပင် ကောင်းကင်ခရီးဖြင့် ကြွသွားလေ၍ သုဒ္ဓေါဒနမင်းကြီးရှေ့တွင် ထင်ရှားပြပေ၏၊ မင်းကြီးလည်း ကာဠုဒါယီမထေရ်ကိုမြင်လျှင် ရှင်လန်းသောစိတ်ရှိရကား "ငါ့သား ကာဠုဒါ....အမောင်တို့ဆရာ မြတ်စွာဘုရားသည် ဤကဲ့သို့ပင် အသွင်အပြင်ရှိသလော၊ အသင်လိုပင် ကောင်းကင်ခရီးကို ပျံနိုင်သလော၊ ယခုအခါ ဘုရားအဘယ်မှာရှိသနည်း" စသည်ဖြင့် မေးမြန်း၏။

ကာဠုဒါယီမထေရ်လည်း "ဒကာတော်မင်းကြီး=မီးပွားပမာဏရှိသော ပိုးမြည်မျိုး၏အရောင်နှင့် နေအရောင်ကို ပုံဆောင်ခြင်းငှါ မထိုက်သကဲ့သို့လည်းကောင်း, နွားဦးချိုနှင့် မြင်းမိုရ်တောင်ကို ပုံဆောင်ခြင်းငှါ မထိုက်သကဲ့သို့လည်းကောင်း, ငါတို့မျှနှင့် ဘုရားအရုပ်အဝါကို အဘယ်မှာ နှိုင်းခိုင်းထိုက်မည်နည်း၊ ဒကာတော့်သား ဘုရားသခင်၏ အသွင်တော်ကား ခြောက်ပါးသော ရောင်ခြည်တော်အဝန်းဖြင့် ထွန်းပလျက် တက်သစ်သော နေလုလင်တဆောင်၏ အရောင်အသရေ ထက်လည်း ကဲတက်လွန်မြတ်၏၊ ဋ္ဌာဿရိယစသော ဘုန်းတော်ခြောက်ပါး,လောကီတန်ခိုးရှစ်ပါး လောကုတ္တရာတန်ခိုးရှစ်ပါး တရားအပေါင်းနှင့် ပြည့်စုံသည်ဖြစ်၍ သုံးဆယ့်တဘုံတွင် တစုံတယောက်သောသူမျှ အတုမရ၊ အနန္တစကြဝဠာ ဝိသယာခေတ်ကုန်အောင် မျက်တောင်တခတ် လျှပ်တပြက်မျှဖြင့်လည်း ကြွလည်ပြန် ခေါက် ဆောက်တော်မူနိုင်၏။

ဤသို့စသည်ဖြင့် အစိန္တေယျဖြစ်သော ဂုဏ်တော်တန်ခိုးတော်ကို ချီးကျူးမြွက်ကြား၍ ဘုရားသခင်သည် သင်မင်းကြီး ဖူးမြင်စေခြင်းငှါ

သံဃာတော်နှစ်သောင်းနှင့်တကွ ကြွတော်မူလာပြီ၊ယနေ့ မည်သည့်စခန်းသို့ရောက်ပြီ" ဟုကြား၏၊ မင်းကြီးလည်း အလွန်အားရတော်မူ၍ မထေရ်အား ဘောဇဉ်ငါးပါးတို့ဖြင့် ကောင်းစွာလုပ်ကျွေးပြီးသော် သားတော်ဘုရားအလို့ငှါ မွန်မြတ်စွာသောဘောဇဉ်တို့ကို ပြင်ဆင်၍ ကပ်လှူပြီးသော် "သားတော်ဘုရားသည် ကျွန်ုပ်တို့မြို့သို့ ရောက်သည်တိုင်အောင် ကျွန်ုပ်နန်းတော်က ဆွမ်းကိုသာဆောင်၍ လုပ်ကျွေးတော်မူပါ" ဟူ၍လည်း လျှောက်လိုက်၏။

မထေရ်လည်း ထိုဆွမ်းကိုဆောင်လျက် ကောင်းကင်ခရီးဖြင့် ကြွ၍ ဘုရားသခင်အားကပ်ပေ၏၊ဤသို့သောနည်းဖြင့်ကာဠုဒါယီသည် နေ့တိုင်း နေ့တိုင်း နန်းတော်မှဆွမ်းကိုဆောင်၍ လုပ်ကျွေးရကား ခရီးအကြား၌ ဘုရားသခင်သည် ဖခင်မင်းကြီး၏ဆွမ်းကိုသာ ဘုဉ်းပေးတော်မူရ၏။

ထို့ကြောင့် ကာဠုဒါယီကို=

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ကုလပ္ပသာဒကာနံ ယဒိဒံ ကာဠုဒါယီ။

ဟူ၍ ကုလပ္ပသာဒ တေဒဂ်အရာ၌ ထားတော်မူသတည်း။

ဘုရားသခင်လည်း တနေ့တယူဇနာစီကြွ၍ နှစ်လမြောက်သဖြင့် ကပိလဝတ်ပြည်သို့ရောက်တော်မူ၏၊ ထိုအခါ ဆွေတော် မျိုးတော်ဖြစ်သော သာကီဝင်မင်းတို့သည်လည်း ဘုရားသခင်နှင့်လျော်သောနေရာကိုရွေးချယ်စိစစ်၍ နိဂြောဓသာကီဝင်မင်း၏ ဥယျာဉ်အလယ် မွေ့လျော်ဖွယ်ရှိသော အရပ်၌ လျောက်ပတ်ကောင်းမွန်စွာ ကျောင်းတော်ကိုဆောက်၍ လှူဒါန်းကုန်သဖြင့် ထိုနိဂြောဓာရုံကျောင်း၌ နေတော်မူရ၏၊ သာကီဝင်မင်းသားတို့သည်လည်း မာန်မာနကြွား၍ "ဤသိဒ္ဓတ်မင်းသားကား ငါတို့တူ ငါတို့သားသာ၊ ငါတို့အောက်ငယ်စွာ၏၊ ငါတို့ရှိခိုးခြင်းငှါမသိုက်" ဟု နှလုံးပြု၍ ငယ်ကုန်ငယ်ကုန်သောသူတို့ကိုသာ ရှေ့တင်၍သွားစေပြီးသော် ကြီးသောသူတို့သည် နောက်မှ နောက်မှလိုက်၍ ရှိမခိုးပဲပင် ရှေ့တော်တွင်ထိုင်နေကြကုန်၏။

ထိုအကြောင်းကို မြင်တော်မူသော် ဆွေတော်မျိုးတော်တို့၏ မာန်မာန ကျိုးစိမ့်သောငှါ စံတော်မူရာပလ္လင်ထက်၌ စတုတ္ထစျာန်ကို ဝင်စားတော်မူ၍ ကောင်းကင်ထက်သို့ တက်တော်မူပြီးသော် လက်ယာခြေတော်ကို ဆန့်၍ စင်္ကြံကြွတော်မူလျက် အထက်ကိုယ်တော်မှ မီးအလျှံ, အောက်ကိုယ်တော်မှ ရေအယဉ်, လက်ဝဲဖဝါးတော်မှ မီးအလျှံ, လက်ယာဖဝါးတော်မှ ရေအယဉ်, လက်ယာမျက်လုံးတော်မှ မီးအလျှံ, လက်ဝဲမျက်လုံးတော်မှ ရေအယဉ်, ခံတွင်းတော်အပြင် နှာခေါင်းတော်အစဉ်တို့မှ မီးရေအစုံ အစုံ, အလုံးစုံသော ကိုယ်တော်မှ အညို, အရွှေ, အနီ, အဖြူ, အမောင်း (ပန်းသွက်=ပန်းနုရောင်) တခဲနက်ပြိုးပြက်သော ရောင်ခြည်တော်ခြောက်သွယ်ကို လှယ်ကာ လှယ်ကာ အဇဋ္ဌာပြင်လုံးပြည့်မျှ ထွက်တွန်းစေလျက် အံ့ဖွယ်ဘနန်း ရှုမခန်းသော ယမိုက်ပြာဋိဟာကို ရတနာစင်္ကြံထက်၌ ပြတော်မူ၍ သာကီဝင်မင်းအပေါင်းတို့၏ ဦးခေါင်းထက်၌ ဖဝါးခြေမှုန့်ကို ကြဲဘိသကဲ့သို့ ဖြစ်စေတော်မူ၏။

ထိုသို့ အံ့ဖွယ်သရဲ ထူးကဲလွန်မြတ်သော တန်ခိုးပြာဋိဟာကိုမြင်လျှင် ဗခင်သုဒ္ဓေါဒနမင်းကြီးလည်း ခြေတော်ကို ဦးဖြင့်တိုက်၍ "အရှင်ဘုရားဖွားတော်မူစက ဒေဝိလရသေ့၏ ထိပ်ထက်၌ ရွှေစက်စုံတင်သည်ကိုမြင်၍ ဖခင်တကြိမ်ရှိခိုးပါပြီ၊ လယ်ထွန်မင်္ဂလာပြုသောအခါ ကြီးစွာသော ဇမ္ဗူသပြေပင်ရိပ်ဝယ် သိပ်ထားသည်တွင် သစ်ပင်အပေါင်းပြန်ရိပ်ပြောင်းလျက်သွားကောင်းစံနေသော သပြေပင်ရိပ်ဝန်းသည် မယွန်းမရွှေပြကတေ့တည်သည်ကိုမြင်၍လည်း ဖခင်တကြိမ်ရှိခိုးပါပြီ၊ ဤယခုမှာ တခါတုံမျှ မကြုံစဖူး မမြင်ဖူးအောင် ထူးမြတ်သော တန်ခိုးပြာဋိဟာကိုမြင်ပါရ၍ ဖခင်ပူဇော်ပါသည်၊ ဤအခါကား သုံးကြိမ်မြောက်သော ရှိခိုးခြင်းပါတည်း" ဟု လျှောက်၏။

ဤသို့မင်းကြီးရှိခိုးသည်ကို မြင်လျှင် ရှိမခိုးပဲနေဝံ့သောသူကားမရှိပြီ၊ အလုံးစုံသော သာကီဝင်မင်းအပေါင်းတို့သည် ဦးခေါင်းနိမ်ချလျက် ရှိခိုးကြကုန်သတည်း၊ ဘုရားသခင်လည်း ကောင်းကင်မှသက်၍ ရတနာပလ္လင်

ထက်၍ စံတော်မူလျှင် ကောင်းကင်အလုံးမှချီ၍ ကြေးနီရည်ကဲ့သို့သော ပေါက္ခရဝဿမိုးကြီးရွာလတ်၍ အချို့သောသူကား စွတ်၏၊ အချို့သော သူကား မစွတ်၊ ထိုသို့စွတ်လိုသောသူကို စွတ်၍ မစွတ်လိုသောသူကား မစွတ်ရသော အခြင်းအရာကို မြင်လျှင် ထက်ဝန်းကျင်သောပရိသတ် အပေါင်းတို့သည် သောင်းသောင်း ချီးကျူး အံ့မူး ပြောကြားကြကုန်၏။

ထိုစကားစပ်တွင် ဘုရားသခင်လည်း"ယခုသာလျှင် မဟာဆွေတော်မျိုး တော်တို့၏ မျက်မှောက်၌ ပေါက္ခရဝဿမိုးကို ရွာစေသည်မဟုတ်သေး၊ ရှေးသောကာလ ဤနှစ်မှလျှင် တွက်ဆရေဖွဲ့သော် ငါးဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်းကျော်အလွန် ဝေဿန္တရာမင်းကြီး ဖြစ်စဉ်ကလည်း ဤနည်းတူပင် ရွာသွန်းဖူးပြီ"ဟု မြွက်ချီတော်မူ၍ နာလိုသောသူအပေါင်း တို့ တောင်းပန်ကြသောစကားစပ်တွင် ကဆုန်လပြည့်ကျော် တရက် အင်္ဂါနေ့ ညချမ်းသုံးချက်တီးအခါတွင် ဂါထာ တထောင်ကျော်ရှိသော ဝေဿန္တရာဇာတ်ကို ဟောတော်မူ၏၊ (ဇာတ်ကဏ္ဍတွင်ဆိုသော လသည် ဘုရားရောက်သည်နှင့်မမျှ၍ ပြင်လိုက်သည်။)

တရားဒေသနာကို နာပြီးသော် မဟာဆွေတော်အပေါင်းတို့သည် ဦးခေါင်းညွတ်ကျိုး ရှိခိုးပြီးလျှင် အသီးသီးပြန်ကြကုန်၏၊ တယောက် သောသူမျှ "ဆွမ်းအလှူခံတော်မူပါ"ဟု မပင့်မိကြကုန်၊ ဖခင်မင်းတရား ကြီးသည်လည်း "ငါ့သားဘုရားသည် ငါ၏ နန်းတော်သို့သာ ဆွမ်းစား လာလတ္တံ့"ဟု နှလုံးချင့်၍ မပင့်ပဲပြန်လေ၏၊ဘုရားကိုယ်တော်မြတ်လည်း ထိုညဉ့်ကုန်လျက် နံနက်သောအခါ "များစွာသော နောင်တော်ဘုရားတို့ သည် ဖွားတော်မူသောပြည်သို့ကြွသောအခါ ဖခင်အိမ်၌သာ ဆွမ်းခံ၍ ဘုဉ်းပေးကြကုန်သလော၊ ထိုသို့မဟုတ် အိမ်စဉ်လည်ပတ်၍ ဆွမ်းရပ်ခံ ကုန်သလော"ဟု ဆင်ခြင်တော်မူလျှင် အိမ်စဉ်လည်ပတ်၍ ဆွမ်းရပ်ခံ တော်မူကြသောအဖြစ်ကိုမြင်၍"ငါဘုရားလည်း နောင်တော်များ၏ပဋိပတ် ကို ချီးမြောက်အပ်ပေသည်"ဟု နှလုံးပြုတော်မူ၍သံဃာတော်နှစ်သောင်း နှင့်တကွ မြို့တွင်းသို့ဝင်၍ အိမ်စဉ်အတိုင်း ဆွမ်းခံတော်မူ၏။

ထိုအခါ သာကီဝင်မင်းအပေါင်းနှင့်တကွ ကပိလဝတ်ပြည်အလုံးရှိန်းရင်း တက်မျှ အုတ်အုတ်ကျက်ကျက် လက်အုပ်ချီ၍ ကိုယ်စီကိုယ်င ပြောကြ အံ့သြကြကုန်သည်၊ ထိုအသံကို ယသောဓရာမင်းသာမီးကြားလတ်သော် "မောင်တော်မင်းသားသည် သိကြားမင်း၏အသရေကဲ့သို့ ခြွေရွေဝန်းရံ လျက် ဆဒ္ဒန်ပြောင်သင် ရွှေထမ်းစင်နှင့် အစဉ်သွားမြဲဖြစ်ပါလျက် ယခု ခွက်လက်စွဲ၍ ဆွမ်းခံ၏ဟူသည်မှာ တင့်တယ်ပါလိမ့်လော" ဟု နန်းပြတင်း ကိုဖွင့်၍ မျှော်လင့်လေသော် ရောင်ခြည်တော်ခြောက်စိုင်သည် တပြိုင်နက် ထွန်းလင်းလျက် သင်းကျစ်တော်ဖျားမှ ဖဝါးတော်အပြင်တိုင်အောင် မအံ့သြနိုင်သော ဘုရားအသရေကိုမြင်၍ နရသီဟမည်သော ရှစ်ဂါထာ တို့ဖြင့် လွန်စွာ ချီးမွမ်းလျက် လွမ်းမော ဆွတ်လွတ် ကြည်ညွတ် မြတ်နိုး လှသဖြင့် ပရိဒေဝသဘောဖြစ်၏၊

ထို့နောက်မှ သုဒ္ဓေါဒနမင်းကြီးထံ သွား၍ "အရှင့်သားသည် သားမယားမိဘကိုမျှ အားမနာ၊ ဝမ်းစာရှာအံ့သောငှာ အိမ်တကာရှေ့ဦ ရပ်၍ရပ်၍သာ စားစရာကိုတောင်းသည်။ ကောင်းပါသလော" ဟု လျှောက်၏။ ခမည်းတော် မင်းကြီးလည်း ထိုစကားကို ကြားလျှင် တုန်ရင်ထိတ်လန့်သော နှလုံးရှိရကား ရုတ်ခြည်းထ၍ ပုဆိုးစကိုလက်ဖြင့် မ, လျက် နန်းတော်မှ အဆောတလျင် သက်ပြီးသော် သားတော်ဘုရား အနီး၌ ရပ်၍ "အရှင်ဘုရား အဘယ့်ကြောင့် အကျွန်ုပ်အား အရှက်ခွဲပါ သနည်း အဘယ်အကျိုးကို မျှော်၍ တအိမ်တလုတ် ဝမ်းစာရှာဘိသနည်း၊ ဤနှစ်သောင်းမျှသော သံဃာကို ဒကာတော် မကျွေးနိုင်ဟု ထင်ဘိသ လော" ဟူ၍ လျှောက်၏။

ဘုရားသခင်လည်း "ဖခင်မင်းကြီး ဤဆွမ်းခံသောအရာသည် ငါတို့ အနွယ်အဆက်မှ လာသဖြင့် သင့်တင့်လျှောက်ပတ် ချီးမွမ်းအပ်သော အကျင့်ပေတည်း" ဟု မိန့်တော်မူလျှင် "အရှင်ဘုရား....မဟာသမ္မတမင်းမှ စ၍ ဘုရားဘိုးတော် သီဟဟနု မင်းတိုင် သုံးသိန်း သုံးသောင်း လေး ထောင် ငါးရာ့ ခြောက်ကျိပ်ကိုးယောက်သော အနွယ်သည် အကျွန်ုပ်တို့၏ အနွယ်မဟုတ်လော၊ ထိုမင်းအနွယ်အပေါင်းတို့တွင် တယောက်ကောင်း

မျှ ဆွမ်းတောင်း၍ စားသည်ကို အကျွန်ုပ်တို့ မကြားဖူးပါ" ဟု လျှောက်လေ၏။

"ခမည်းတော်မင်းကြီး ဤ မဟာသမ္မတမင်းမှ လာသော ရာဇပဝေဏီသည်ကား မင်းတရားတို့၏ အနွယ်သာတည်း။ ဒကာတော် သား ငါ ဘုရားမူ ရှေးဖျားလွန်လေ သခ်ျေများစွာ ကမ္ဘာ ဘာက ဂင်္ဂါဝါဠုသဲစု ထပ်မျှ ပွင့်ကြကုန်သော သမ္ဗုဒ္ဓရာဇာ စောမြတ်စွာတို့၏မဟာဝံသဖြစ်ပေသည်။ ထိုဘုရားတို့သည် ဖိတ်ကြားအပ်သော ဒါယကာမရှိမူ ဆွမ်းခံ၍သာ စားကြမြဲ ဓမ္မတာဖြစ်သတည်း" ဟု မိန့်တော်မူပြီးမှ ခရီးအလယ်၌ ရပ်တော်မူလျက်—

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

ဟူသော ဂါထာကို ဟောတော်မူ၏။

**အနက်ကား**။ ။မဟာရာဇ၊ ခမည်းတော်မင်းကြီး၊ ဥတ္တိဋ္ဌေ၊ ဘုရားစဉ်လာ ကျင့်ရာမချွတ် ဆွမ်းခံဝတ်၌။ နပ္ပမဇ္ဇေယျ၊မမေ့ မလျော့ရာ။သုစရိတံ၊ ကောင်းစွာကျင့်အပ်သော။ ဓမ္မံ၊ ကုသိုလ်ဆယ်ပါး တရားမူရှိ ဗောဓိပက္ခိယ မြတ်ဓမ္မကို။ စရေ၊ အမြဲမက္ခာကျင့်ပေရာ၏။ ဓမ္မစာရီ၊ ကုသိုလ်တရားကို အားထုတ်၍ ကျင့်လေ့ရှိသောသူသည်။ အသ္မိံ လောကေ စ၊ ဤ ပစ္စုပ္ပန်ဘဝ၌လည်းကောင်း။ ပရမှိ စ၊ တမလွန်ဘဝ၌လည်းကောင်း။သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရ၏။

ထို ဂါထာ၏အဆုံး၌ မင်းကြီးသောတာပန်တည်လေ၏။ ထိုသို့ သောတာပန် တည်ပြီးသော် မင်းကြီးလည်း သပိတ်တော်ကိုလှမ်း၍ ရွှေနန်းပြာသာဒ်ထက်သို့ ပင့်လေ၏။ နန်းတော်သို့တက်ပြီးလျှင် ခြသေ့ခံသော ရာဇပလ္လင်ထက်၌ နေ၍-

ဓမ္မဥ္စရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ....

အစရှိသော ဂါထာကို ဟောတော်မူရာတွင် မင်းကြီးသကဒါဂါမ်တည်လေသည်။ မိထွေးတော်လည်း သောတာပန်တည်လေသည်။

ယင်းသို့ ရွှေနန်းဉကင်ရာဇပလ္လင်ထက်၌ တက်စံတော်မူလျှင် ဖခင်မင်းမြတ်သည်လည်း လျှောက်ပတ်ကောင်းမွန်သော ဘောဇဉ်ခဲဖွယ်တို့ဖြင့် လုပ်ကျွေး၏။ ဆွမ်းဘုဉ်းပေးပြီးသော အဆုံး၌ အလုံးစုံသော မောင်းမမိဿံ ခြွေရံကိုယ်လုပ်တို့သည် အုတ်အုတ် ကျက်ကျက်မျှ လာကြကုန်၍ ဘုရားရှင်အား ညွတ်တွားရိုကျိုး ရှိခိုး ပူဇော်ကြကုန်၏၊ ယသောဓရာဗိမ္ဗာဒေဝီသည် ပူဇော်ခြင်းငှာ မထွက်လာ၍ များစွာသော နန်းသူနန်းသားတို့က "သခင်မ ထွက်ကြွတော်မူ၍ သုံးလူ့သခင်ကို ဦးတင်ပူဇော်ဖူးမြော်ပါလေ"ဟု လျှောက်ကြသော် "အကယ်၍ အကျွန်ုပ် ကျေးဇူးရှိသည်ကို ထောက်မျှော်၍ သနားတော်မူပါလျှင် ကိုယ်တော်ဝင်၍ ကြွလာပါလိမ့်မည်၊ ဤသို့ကြွလာမှ ပူဇော်ပါတော့မည်"ဆို၍သာ နေ၏။

ထိုအကြောင်းကို နန်းသူနန်းသားတို့က ဘုရားရှင်အား လျှောက်ကြားကြသော် ခမည်းတော် မင်းကြီးအား သပိတ်ကို ကမ်းတော်မူ၍ နှစ်ဦးသော အဂ္ဂသာဝကတို့ကို ခေါ်တော်မူလျက် ယသောဓရာမင်းသမီး၏ နေရာတိုက်ခွင်သို့ ဝင်တော်မူ၍ "ယနေ့ ယသောဓရာ မင်းသမီးကို အလိုရှိတိုင်းရှိခိုးစေ၊ မည်သူအားမျှ တခွန်းစကား မတားဆိုကြလင့်"ဟု မိန့်တော်မူ၍ ခင်းအပ်သော နေရာ ရတနာ သလွန်ထက်၌ တက်စံတော်မူ၏။

ထိုအခါ ယသောဓရာ မင်းသမီးသည်လည်း ပန်းကြီးခုံမင်စွာလာ၍ ခြေဖမျက်တော်ကို လက်ဖြင့် ပိုက်လျက် ဖမိုးတော်ထက်၌ မျက်နှာ ဦးခေါင်းကို ထား၍ ဖဝါးတော်မြတ်ကို နမ်းကာနမ်းကာ ခြင်းရာစကား ဘယ်သည်များမှ မကြားနိုင်စွာ မျက်နှာ မျက်ရည် မဆည်နိုင်ပြီး ဖြိုင်ဖြိုင် စီးလျက် သက်ကြီးရှိုက်ငင်ဘဝင်ပြောင်းပြန် လန်လုမတတ် ဆံဖြင့် ပွတ်သပ် ပါးဖြင့်အပ်၍ အထပ်ထပ်ရှိခိုးလေသတည်း။

ထိုအခါ ခမည်းတော် မင်းကြီးက "အကျွန်ုပ်သမီးသည် သားကြီးဘုရားကို အလွန်စုံမက် နှစ်သက်လေးမြတ်ပေသည်၊ သားဘုရားသည် ထွက်သွားတော်မူသော်လည်း ရှိတော်မူစဉ်က ပြုပြင်ခဲ့ယမြဲ ဖြစ်သော ဝတ်

ကို မချွတ်မယွင်း စေရ၊ ညတိုင်း နေ့တိုင်း ပြုပေသည်၊ "သားဘုရားသည် ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ပြီ"ဟု ကြားသည်မှစ၍ အကျွန်ုပ်သမီးလည်း ဖန်ရည်စွန်းသော အဝတ်ကိုသာ ဝတ်ပေသည်။

"သားဘုရားသည် တထပ်သာစားသည်"ဟု ကြားသည်မှစ၍အကျွန်ုပ်သမီးလည်း တထပ်သာစားပေသည်၊ "သားဘုရားသည် မြတ်သော အခင်းနေရာကို ပယ်သည်"ဟု ကြားသည်မှစ၍ နိမ့်သောညောင်စောင်း၌သာ အိပ်ပေသည်။

"သားဘုရားသည် ပန်းနံ့သာမျိုး အခိုးအထုံတို့၌ တပ်မက်ခြင်းမရှိ"ဟု ကြားသည်မှစ၍ ပန်းနံ့သာတို့၌ တပ်မက်ခြင်းကိုမပြုပေ၊

အဆွေအမျိုးဖြစ်သော မင်းညီ မင်းသား သူတပါးတို့"မြောက်စား မြတ်လေးစွာ မွေးမြူပါအံ့"ဟု သတင်းစကား ကြားပါသော်လည်း တယောက်ကိုမျှ ပြန်၍မကြည့်ပေ၊

"ဤသို့ အကျွန်ုပ်သမီးသည် စောင့်ထိန်းပေသည်"ဟု ခွေးမတော်၏ဂုဏ်ကျေးဇူးကို ချီးကျူးလျှောက်ထားရာတွင် "ယခုအခါ ဒကာတော် မင်းကြီးသည် စောင့်ရှောက် ထိန်းသိမ်းအပ်သည်ဖြစ်၍ ဖြောင့်မတ်တည်ကြည်သည်ကား အံ့ဖွယ်မရှိသေး၊ ရှေးသောကာလ စန္ဒကိန္နရီဖြစ်သော အခါက ဆွေညာမိဘ စောင့်သူမရှိပဲလျက် မိမိကိုယ်ကို မိမိစောင့်သဖြင့် ကာလရှည်မြင့်စွာ ကြင်နာဖူးပြီ"ဟု စန္ဒကိန္နရီဇာတ်ကို ဟောတော်မူ၏၊ ယင်းသို့ တရားဟောတော်မူပြီးသော် နိဂြောခရုံ ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။

ဇိနတ္ထပကာသနီကျမ်းမှ ကောက်နုတ်ချက်

# မဟာအောင်မြေဘုံစံဆရာတော်

## (၁၂၃၆–၁၂၉၇)

ဓမ္မပဒဝတ္ထုတော်ကြီးကို ရေးသားပြုစုတော်မူသော မဟာအောင်မြေဘုံစံဆရာတော်သည် မြန်အောင်မြို့ မြို့မရပ် ရွှေဘုံသာကုန်းဇာတိဖြစ်သည်။ အဘဦးကြီး၊ အမိဒေါ်ဆိုင်တို့မှ ၁၂၃၆-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်၊အင်္ဂါနေ့တွင် ဖွားမြင်သည်၊ ငယ်မည်မှာ မောင်ညိုထွားဖြစ်သည်။

မောင်ညိုထွားသည် ကျောင်းနေချိန်ရောက်သောအရွယ်တွင် မြန်အောင်မြို့ သင်္ဂဇာကျောင်းတိုက် ဆရာတော် အရှင်သိရိသဒ္ဓမ္မပါလထံ၌ ရှင်သာမဏေဝတ်၍ စာပေများကို သင်ကြားခဲ့သည်၊ ဘွဲ့မည်မှာ ရှင်စန္ဒိမာဖြစ်၏။

ရှင်စန္ဒိမာသည် သက်တော်နှစ်ဆယ်ရောက်သောအခါ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းဘဝသို့ ရောက်သောအခါ မန္တလေးမြို့ မြတောင်ဆရာတော် အရှင်အာလောကထံ အထက်တန်းပိဋကတ်စာများ သင်ကြားဆည်းပူးလေသည်။

ဦးစန္ဒိမာသည် မန္တလေးမြို့မှ ပြောင်းရွှေ့၍ ရန်ကုန်မြို့ အရှေ့တာရကြီး မြန်အောင်ဆရာတော် အရှင်ဩဘာသထံ ပိဋကတ်ကျမ်းဂန်များကို နည်းခံသင်ကြားပြန်သည်။ ထို့နောက် ဒေါပုံကျောင်းတိုက်နှင့် သိမ်ဖြူ လိပ်ပြာကန်ကျောင်းတိုက်များတွင် လှည့်လည်၍ သီတင်းသုံးတော်မူခဲ့သည်။ ဘင်္ဂလားဆရာတော်ဘုရားကြီးထံ၌ သက္ကဋဘာသာကို ဆုံးခန်းတိုင်ရောက် တတ်မြောက်အောင် သင်ကြားဆည်းပူးခဲ့လေသည်။

၁၂၆၇-ခုနှစ်၊ ဗဟန်းရပ်၊အောင်မြေဘုံစံကျောင်းတိုက်ကြီးကို အလှူခံတော်မူ၍ စာသင်သားများစွာတို့အား စာပေပို့ချသင်ကြားတော်မူခဲ့လေသည်။

အောင်မြေဘုံစံကျောင်းတိုက်ကြီး၌ **သီတင်းသုံးတော်မူသောကြောင့် အောင်မြေဘုံစံ ဆရာတော်ဟု** အမည်တွင်ခဲ့သည်။

တပည့် ရဟန်းသံဃာများအား စာပေပို့ချတော်မူခဲ့ခြင်း၊ **ဓမ္မပဒဝတ္ထု ငါးကျမ်းတွဲ** အပါအဝင် ကျမ်းစာပေါင်း(၂၃)ကျမ်းတို့ကို ရေးသားတော်မူခြင်းကြောင့် အင်္ဂလိပ်အစိုးရက အောင်မြေဘုံစံ ဆရာတော်အား ၁၂၇၇-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့လေသည်။

အောင်မြေဘုံစံဆရာတော်ကြီးသည် တိုင်းကျိုးပြည်ကျိုး သာသနာ့ အကျိုးကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူယင်း ၁၂၉၇-ခု၊ တော်သလင်းလဆန်း( ၁၄ )ရက်နေ့တွင် သန်လျင်မြို့၊ ဖားကူးရွာ၌ ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။

# ၁၁-ဇာရာဝင်

## ၂-သိရိမာပြည့်တန်ဆာမ၏ဝတ္ထု

ပဿ စိတ္တကတံ။ ။အဝခံသော၊ မုက္ခမံဒေဿနာ၊ ဤသို့သောပါဠိ ဂါထာဖြင့်၊ တဏှာရာဂ၊ အဿာဒဖြင့်၊ ကာမနိုင်ငံ၊ စိတ်လိုက်ကြ၍၊ အတန်တန်စွဲလမ်းတတ်သော ဥပါဒါန်ဖြင့်၊ အကြံဖောက်ပြား၊ မစားနိုင်၊ မအိပ်နိုင်၊ ညှိုးမှိုင်ရှောင်ရှောင်၊ ရာဂမီး လောင်သည့်၊ အမှောင် တိုက်မိ၊ အမိုက်ဖိလား၊ ဒုက္ခိတဝေနေ၊ ဗိုလ်ခြေတစုတို့ကို၊ ကရုဏာဉာဏ်၊ နှိုးဆော်ဖန်၍၊ ပြင်းထန်လောင်ညီး၊ ရာဂမီးငြိမ်းအေးအောင်၊ဆေးတော် တည်းဟူသော တရားမြတ်ဖြင့်၊မပြတ်ဆုံးမ၊အေးမြသောနိဗ္ဗာန်သောင်သို့၊ ပို့ဆောင်ကယ်တင်တော်မူတတ်သော မြတ်စွာဘုရားသခင်သည် မှိုင်းလွင် ညို့ညို့၊ မို့မို့ စိမ်းလဲ့၊ ယိမ်းနွဲ့နွဲ့ဖြင့်၊ တွဲ့ရရွဲ့စီရရီ၊ ဝါးတောကိုမှီသော၊ တင်ချီဗျူပွတ်၊ သကတ်ဂုဏ်မွန်၊ ဝေဠုဝန်မင်းကျောင်း၌ ကိန်းအောင်း စံပယ်တော်မူသောကာလ ဇီဝကဆရာ၏နှမ သိရိမာ အမည်ရှိသော ပြည့်တန်ဆာမကို ပဓာနမူ အကြောင်းပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

အကြောင်းအတ္ထုပ္ပတ္တိအခဥ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု

ထိုသိရိမာပြည့်တန်ဆာမသည် ရာဇဂြိုဟ်ပြည်ကြီး၌ အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာအသွေ့်အရာ လှပသော ပြည့်တန်ဆာ မိန်းမပေတည်း။ တနှစ်သောဝါတွင်း၌ သုမနသဌေးသား၏ မယားခင်ပွန်းမ ဖြစ်သော ပုဏ္ဏသဌေးကြီးသမီး ဥတ္တရာအမည်ရသော ဥပါသိကာမအား ပြစ်မှား လွန်ကျူး၍ ထိုဥတ္တရာ ဥပါသိကာမကို ကန်တော့ဝန်ချ နှစ်သက်စေလို သည်ဖြစ်၍ ထိုဥတ္တရာ ဥပါသိကာမ၏အိမ်၌ ရဟန်း သံဃာတော်နှင့်တကွ

ဆွမ်းစားခြင်းကိစ္စကို ပြုတော်မူသော မြတ်စွာဘုရားသခင်ကို သည်းခံစေပြီး၍ ထိုနေ့၌ပင်—

အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။

ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။

ဟူသော မြတ်စွာဘုရားသခင်၏ ဆွမ်းအနုမောဒနာဒေသနာကို ကြားနာရ၏၊ ထိုဒေသနာတော်၏အဆုံး၌ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

[ဤသည်ကား ဤဝတ္ထု၌ အကျဉ်း သခေ်ပမျှသာတည်း။ အကျယ်ဖြစ်သော စကားကိုကား ကောခင်ဂ်အနုမောဒနာ ဂါထာ၏အဖွင့်၌သာလျှင် ထင်ရှားစွာ ဖြစ်ပါသတည်း။]

ဤသို့ပြအပ်ခဲ့သော အစဉ်အတိုင်းအားဖြင့် ထိုသိရိမာသည် သောတာပတ္တိဖိုလ်သို့ ရောက်၍ ရဟန်းသံဃာအပေါင်းကို ပင့်ဖိတ်ပြီးလျှင် တဖန် မိုးသောက်ရောက်သောနေ့၌ ကြီးစွာသော အလှူကို ပေးလှူ၍ ရဟန်းသံဃာတော်အား အဋ္ဌက ဘတ်ကို အမြဲမပြတ်ဆောက်တည်လှူဒါန်း လုပ်ကျွေး၏။ အဦးအစမှစ၍ အမြဲမပြတ် ရှစ်ပါးကုန်သော ရဟန်းတို့သည် သိရိမာ၏အိမ်သို့ အကြိမ်အလှည့် အစဉ်အားဖြင့် ကြွသွားတော်မူကြ ကုန်၏။ "ထောပတ်ကိုခံယူကြပါကုန်လော့။ နို့ကိုခံယူတော်မူကြပါကုန်လော့" ဟု ဤသို့ အစရှိသော စကားတို့ကို လျှောက်ကြား၍ ထိုရဟန်းတို့၏သပိတ်ကို ပြည့်စေကုန်၏။ တပါးသော ရဟန်းသည် ရအပ်သော ဆွမ်းသည်လည်း သုံးပါး လေးပါးလည်း ဖြစ်ကုန်သော ရဟန်းတို့အား သုံးဆောင်မျှတ လောက်၏။ နေ့တိုင်း နေ့တိုင်း တဆယ့်ခြောက်ကျပ်သော အသပြာကို ရိက္ခာပြုလုပ်ကုန်ခန်းစေသဖြင့် ဆွမ်းကို ပေးလှူ၏။

## သိရိမာကို ချစ်ခင်စွဲလမ်းသော ရဟန်း

ထိုနောက် တနေ့သ၌ တပါးသောရဟန်းသည် သိရိမာ၏အိမ်၌ အဋ္ဌက ဘတ်ကို ဘုဉ်းပေးသုံးဆောင်တော်မူပြီး၍ သုံးယူဇနာထက်၌ တခုသော ကျောင်းသို့ ကြွသွားဘော်မူ၏။ ထိုကျောင်း၌ ညချမ်းသောအခါဝယ်

ဤသို့သဘောရှိသောအရပ်၌ နေထိုင် သီတင်းသုံးသော ထို ရဟန်းကို "ငါ့ရှင်အသင်သည် အဘယ်ရပ်ကွက်၌နေ အဘယ်သူ၏အိမ်၌ ဆွမ်းကိုခံယူ ဘုဉ်းပေးသုံးဆောင်၍လာခဲ့ပေသနည်း" ဟု မေးကုန်၏။ "ငါ့အား သိရိမာ ဒါယိကာမသည် လျှုဒါန်းအပ်သော အဋ္ဌကဘတ်ကို ခံယူသုံးဆောင်၍ လာခဲ့ပေသည်" ဟု ပြော၏။ "ငါ့ရှင် ထိုသိရိမာ ဒါယိကာမသည် မြတ်နိုး နှစ်သက်ဖွယ်ကို ပြုလုပ်၍ ပေးကမ်းလှူဒါန်းပါ၏လော" ဟု မေးသဖြင့် "ထိုသိရိမာ၏ လှူဒါန်းအပ်သောဆွမ်းကိုချီးမွမ်းပြောဆိုခြင်းငှာ မစွမ်းနိုင်၊ အလွန်လျှင် မွန်မြတ်သည်ကိုပြု၍ ပေးလှူပေသည်၊ တပါးတပါးသော ရဟန်း ရအပ်သောဆွမ်းသည် သုံးပါး လေးပါးလည်း ဖြစ်ကုန်သော ရဟန်းတို့အား ဘုဉ်းပေးမျှတလောက်၏။ ထိုသိရိမာ လှူဒါန်းအပ်သော လှူဖွယ်ဝတ္ထုထက်လည်း ထိုသိရိမာအား ကြည့်ရှုရခြင်းသည်သာလျှင် မွန်မြတ်သည်ထက် မွန်မြတ်ပေသည်၊ ထိုမိန်းမသည် ဤသို့ ဤသို့သော သဘောရှိ၏" စသည်ဖြင့်ထိုသိရိမာ၏ ဂုဏ်ကျေးဇူးတို့ကိုချီးမွမ်းပြောဆို၏။

ထိုအခါ တပါးသောရဟန်းသည် သိရိမာ၏ဂုဏ်ကျေးဇူးစကားကိုကြား၍ မရှုမြင်ရပဲဖြင့်သာလျှင် ချစ်ခြင်းကိုဖြစ်စေပြီးသော် "ငါသည်သွားရောက်၍ ထိုသိရိမာကိုရှုမြင်ခြင်းငှါအပ်၏" ဟုကြံ၍ မိမိဝါစဉ်ကိုပြောကြားပြီး၍ ထိုရဟန်း၏ဝါစဉ်ကိုမေးသည်ရှိသော် "ငါ့ရှင် နက်ဖန်ခါ ထိုသိရိမာ၏အိမ်၌ အသင်သည် သံဃထေရ်ဖြစ်၍အဋ္ဌကဘတ်ကိုရလတ္တံ့" ဟုပြော၏။ထိုရဟန်းသည် ပြောဆိုသောစကားကိုကြားရသောခဏ၌ သာလျှင် သပိတ်သင်္ကန်းကိုယူ၍ ဖဲသွားပြီးသော် စောစောကပင်လျှင် နေအရုဏ်တက်သောအခါ၌ စာရေးတံအဦးကိုယူရာအရပ်သို့ဝင်သွား၍ ရပ်တည်နေလျက် သံဃထေရ်သည်ဖြစ်၍ သိရိမာ၏အိမ်၌ အဋ္ဌကဘတ်ကိုရလေ၏။

ထိုရဟန်းကိုပြောကြားလိုက်သောရဟန်းသည် ယမန်နေ့က သိရိမာ၏ အိမ်၌ ဆွမ်းကိုဘုဉ်းပေး၍ ဖဲကြွသွား၏။ ထိုရဟန်းဖဲကြွသွားသောအခါ၌ သာလျှင် သိရိမာ၏ကိုယ်၌ မကျန်းမမာရောဂါကပ်ငြိခြင်း ဖြစ်လေ၏။ ထို့ကြောင့်သိရိမာသည် ဆင်ယင်ဝတ်စားရာ တန်ဆာအသုံးအဆောင်တို့ကို

ချွတ်ထားပြီးလျှင် မိမိကိုယ်ကိုမပြုမပြင် မဆင်ယင်ပဲ ညှိုးငယ်စွာလျှောင်း၍ နေ၏။ ထိုအခါ သိရိမာအား အလုပ်အကျွေးကျွန်မတို့သည် အဋ္ဌကဘာတ်စာရေးတံ အလှည့်ကိုရ၍ ကြွလာတော်မူကြကုန်သော ရဟန်းတို့ကိုမြင်၍ ပြောကြားကြကုန်၏။ ထိုသိရိမာသည် မိမိလက်ဖြင့်သပိတ်တို့ကိုလှမ်းယူလင့်၍ ရဟန်းတို့ကိုထိုင်နေစေခြင်းငှါလည်းကောင်း ပြုစုလုပ်ကျွေးခြင်းငှါလည်းကောင်း မစွမ်းနိုင်သောကြောင့် ကျွန်မတို့ကို "မိခင်တို့ သပိတ်တို့ကိုယူ၍အရှင်မြတ်တို့ကို ထိုင်နေတော်မူစေပြီးလျှင် ယာဂုတို့ကို တိုက်ပြီးသည့်ကာလ ခဲဖွယ်ကိုပေးလှူပြီးသော် ဆွမ်းစားချိန်တိုင်သောအခါ၌ သပိတ်တို့ကိုပြည့်စေ၍ ပေးလှူကြကုန်လော့" ဟု စေခိုင်း၏။

ကျွန်မဘို့ကလည်း "အရှင်မ ကောင်းပါပြီ" ဟု ဝန်ခံပြီးလျှင် ရဟန်းတို့ကို အိမ်တွင်းသို့ပင့်သွင်း၍ ယာဂုကိုတိုက်ပြီး၍ ခဲဖွယ်ကိုပေးလှူပြီးလျှင် ဆွမ်းစားချိန်တိုင်သောအခါ၌ သပိတ်၌ ဆွမ်းဖြင့်ပြည့်စေ၍ သိရိမာအား ကြားကြကုန်၏။ သိရိမာကလည်း " ငါ့ကိုချီပွေ့ယူဆောင်ကြပါကုန်လော့ အရှင်မြတ်ဘို့ကို ရှိခိုးပါအံ့" ဟုပြောသဖြင့် ထိုကျွန်မတို့သည်ချီပွေ့၍ ရဟန်းတော်တို့၏အထံသို့ ဆောင်ယူသည်ရှိသော် သိရိမာသည် တုန်လှုပ်သောကိုယ်ရှိသဖြင့်သာလျှင် ရဟန်းတို့ကိုရှိခိုးဦးချ၏။

## သိရိမာကိုစွဲ၍ ဒုက္ခဖြစ်သောရဟန်း

ထိုရဟန်းသည် သိရိမာကိုကြည့်ရှုပြီးလျှင် "ဤသိရိမာဒါယိကာမသည် မမာမကျန်းဘေးဘျမ်းရောဂါ စွဲကပ်လာသောအခါ၌သော်လည်း ဤသို့သဘောရှိသောအဆင်းသဏ္ဍာန်၏ တင့်တယ်လှပခြင်းရှိတုံသေး၏။ ရောဂါမရှိ ပကတိကျန်းမာသောအခါ၌ အလုံးစုံသောတန်ဆာတို့ကို ဆင်ယင်အပ်သည်ရှိသော် ဤသိရိမာအား အဆင်း၏ပြည့်စုံခြင်းသည် အဘယ်သို့သဘောရှိသည်ဖြစ်ပေလိမ့်မည်နည်း" ဟု ကြံ၏။ ထိုသို့ကြံသောအခါ၌ ထိုရဟန်းအား တကုဋေမျှလောက်မကသောနှစ်တို့ပတ်လုံး စုဝေးတည်ရှိသောကိလေသာသည် လှည့်လည်တိုးပွားအားကြီးတက်ကြွလေ၏။ ထိုရဟန်းသည် သိမြင်ဆင်ခြင်တတ်သော ဉာဏ်ကင်းသည်ဖြစ်၍ ဆွမ်းကိုစားခြင်းငှါ

မစွမ်းနိုင်သောကြောင့် သပိတ်ကိုယူ၍ ကျောင်းသို့သွားပြီးလျှင် သပိတ်ကို ပိတ်၍ သင့်တင့်လျောက်ပတ်သောအရပ်၌ သိမ်းထားပြီးလျှင် တဖက်သော သက်နှန်းစွန်းကိုဖြန့်ခင်းပြီးသော် အိပ်နေလေ၏။ ထိုအခါ အဖော်ဖြစ်သော တပါးသောရဟန်းက ထိုရဟန်းကို အဖန်ဖန်အထပ်ထပ် မပြတ်ပြောဆို တောင်းပန်ပါသော်လည်း ဆွမ်းကိုစားစေခြင်းငှါ မစွမ်းနိုင်။ ထိုရဟန်းသည် ပြတ်သောဆွမ်းရှိသည်ဖြစ်လေ၏။ ထိုနေ့ညနေချမ်းအခါ၌ ပင်လျှင် သိရိမာသည် သေလွန်ခြင်းကိုပြု၏။ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရား သခင်အား "ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား ဇီဝက၏နှမငယ် ဖြစ်သောသိရိမာသည်သေလွန်ခြင်းကိုပြုပါသည်" ဟူသော သတင်းစကား ကို စေလွှတ်လိုက်၏။

## သိရိမာကို ကြည့်ရှုရန်မင်းအာဏာ

မြတ်စွာဘုရားသခင်သည် လျှောက်ကြားလာသော ထိုသတင်းစကား ကို ကြားတော်မူလျှင် မင်းကြီးအား "ဒကာတော်မင်းကြီး သိရိမာ၏ရုပ် အလောင်းကို မီးတိုက်သင်္ဂြိုဟ်ဖွယ်ကိစ္စမရှိ၊ သူကောင်မြုပ်ရာဖြစ်သော သုသာန်၌ အကြင်သို့သောအခြင်းအရာဖြင့် ထားအပ်သည်ရှိသော် ထိုသိရိ မာ၏ ရုပ်အလောင်းကို ကျီး, ခွေး, သိန်း, စွန်, လင်းတအစရှိသောသတ္တဝါ တို့သည် မကိုက်ခဲကုန်၊ ထိုသို့သော အခြင်းအရာဖြင့် လျှောင်းစေ၍ စောင့်ရှောက်စေကုန်လော့" ဟုအကြောင်းစကားမှာထားစေလွှတ်လိုက်၏၊ ဗိမ္ဗိသာရမင်းကြီးသည်လည်း မြတ်စွာဘုရားမိန့်တော်မူသည့်အတိုင်း ပြုပေ ၏။ အစဉ်အတိုင်းအားဖြင့် သုံးရက်တို့ကို လွန်ကုန်သည်ရှိသော် လေးရက် မြောက်သောနေ့၌ သိရိမာ၏ ရုပ်အလောင်းကိုယ်သည် ဖူးဖူးရောင်သည် ဖြစ်လေ၏။ ကိုးခုကုန်သော အမာဝတို့မှ ပိုးလောက်တို့သည် ယိုစီးကျ သွက်ကုန်၏။ အလုံးစုံကုန်သောကိုယ်သည် ကွဲပျက်သည်ဖြစ်၍ ပုပ်သိုး သော သလေးထမင်းအိုးစရည်းကဲ့သို့ ဖြစ်လေ၏။

မင်းကြီးသည် မြို့တော်၌ "အိမ်စောင့်ဖြစ်သော သူငယ်တို့ကို ထား၍ သိရိမာ၏ရုပ်အလောင်းကို ကြည့်ရှုခြင်းငှာ မလာရောက်သောသူတို့အား

ရှစ်ကျပ်သော အသပြာကို ပေးဆောင်ရခြင်းတည်းဟူသော ဒဏ်ထိုက်စေသတည်း”ဟု စည်ကိုလည်စေ၏။ မြတ်စွာဘုရားသခင်၏ အထံတော်သို့လည်း “ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းသည် သိရိမာ၏ရုပ်အလောင်းကိုကြည့်ရှုခြင်းငှာ ကြွလာတော်မူကြပါစေကုန်သတည်း”ဟု စေလွှတ်လျှောက်ကြားလိုက်၏။ ထိုရဟန်းငယ်သည်လည်း လေးရက်တို့ကာလပတ်လုံး တစုံတခုသောစကားကို မပြောမဆို အာဒအာဟာရကိုမယူပဲ ပြတ်သောဆွမ်းရှိသည်ဖြစ်၍သာလျှင် အိပ်နေ၏။ သပိတ်၌ ဆွမ်းသည် ပုပ်သိုးသည်ဖြစ်၍ သပိတ်၌ အညစ်အကြေးသည် ထလေ၏။

ထိုအခါ အဖော်ဖြစ်သော ရဟန်းတပါးက ထိုရဟန်းသို့ ချဉ်းကပ်၍ “ငါ့ရှင် မြတ်စွာဘုရားသခင်သည် သိရိမာကို ရှုမြင်ခြင်းငှာ ကြွတော်မူလတ္တံ့”ဟု ပြော၏။ ထိုရဟန်းသည် ပြောဆိုသောစကားကို ကြားရသည့်ကာလ မွတ်သိပ်ဆာလောင်သော်လည်း“သိရိမာ”ဟု ဆိုကာမျှ၌ သာလျှင်အဆောတလျင်ထ၍“အဘယ်ကိုပြောသနည်း”ဟု မေး၏။“မြတ်စွာဘုရားသခင်သည် သိရိမာကိုကြည့်ရှုခြင်းငှာ ကြွလတ္တံ့။ အသင်သည်လည်းသွားလတ္တံ့လော”ဟု ပြောသည်ရှိသော်“ငါသည်လိုက်မည်”ဟု ပြော၍ပုပ်သိုးသော ဆွမ်းကို စွန့်ပစ်ပြီးလျှင် သပိတ်ကို ဆေးကြော၍ သပိတ်အိတ်၌ ထည့်သွင်းထားပြီးသော် ရဟန်းသံဃာတော်အပေါင်းနှင့် အတူတကွ လိုက်သွားလေ၏။ မြတ်စွာဘုရားသည် ရဟန်းသံဃာတော်အပေါင်းခြံရံလျက် တဘက်သောနံပါး၌ ရပ်တည်တော်မူ၏။ မင်းပရိသတ်သည်လည်းကောင်း, ဒါယကာပရိသတ်သည်လည်းကောင်း တဘက်တဘက်သော နံပါး၌ အသီးသီးရပ်တည်ကြကုန်၏။

## သိရိမာကို လိုချင်သူမရှိ

မြတ်စွာဘုရားသခင်သည် မင်းကြီးကို “ဒကာတော်မင်းကြီး ဤသူသည် အဘယ်သူပေနည်း”ဟု မေးတော်မူ၏။ “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဇီဝက၏နှမငယ် သိရိမာမည်သော သူပါတည်း”ဟု လျှောက်သဖြင့်“ဖူးဖူးရောင်ထလျက် ကိုးပေါက်သော အမာဝတို့မှ ထွက်

ကျယ်စီးသော ပိုးလောက်အပုပ်တို့ဖြင့် ပြည့်သော ဤသူသေကောင်သည် သိရိမာပင်လော''ဟု မေးတော်မူပြန်လျှင်''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဩော်–ဟုတ်ပါပေ၏''ဟု ဝန်ခံလျှောက်ကြား၏။ ထိုသို့တပြီးကား ''အသပြာ တထောင်ကို ပေး၍ သိရိမာကိုယူကုန်လော့'' ဟူ၍ မြို့၌စည်ကိုလည်စေလော့ဟု မိန့်တော်မူ၏။ မင်းကြီးသည် မြတ်စွာဘုရား မိန့်တော်မူတိုင်းကို ပြုစေ၏။ တယောက်သောသူသည်လည်း''ငါယူမည် ငါ့အားဖြစ်ပါစေလော့''ဟု ဆိုသောသူမည်သည်မရှိ။ မင်းကြီးသည် မြတ်စွာဘုရားသခင်အား ''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တစုံတယောက်သောသူတို့မျှယူမည့်သူမရှိပါကုန်''ဟု လျှောက်ကြားသဖြင့် ''ထိုသို့တပြီးကား ဒကာတော်မင်းကြီး အဖိုးကို ယုတ်လျော့စေလော့''ဟု မိန့်တော်မူ၏။

မင်းကြီးသည်''ငါးရာသောအသပြာတို့ကို ပေး၍ ယူစေကုန်သတည်း'' ဟု စည်ကို လှည့်လည်စေသည်ရှိသော် တစုံတယောက်သော ယူမည့်သူကို မမြင်သောကြောင့် တဖန်ယုတ်လျော့ပြန်၍ နှစ်ရာ့ငါးဆယ်သောအသပြာ နှစ်ရာသောအသပြာ၊ တရာသောအသပြာ၊ ငါးဆယ်သောအသပြာ၊ နှစ်ဆယ့်ငါးကျပ်သောအသပြာ၊ တဆယ်သောအသပြာ၊ ငါးကျပ်သောအသပြာ၊ တကျပ်သောအသပြာ၊ ထက်ငက်သောအသပြာ၊တပဲသောအသပြာ စသောအားဖြင့် အစဉ်အတိုင်းယုတ်လျော့၍ လာခဲ့လေရာ ''တချဉ်ရွေးလောက်သော အသပြာကို ပေး၍ သိရိမာကိုယူစေကုန်သတည်း''ဟု စည်ကိုလှည့်လည်ပါစေသော်လည်း တစုံတယောက်သောသူသည် ထိုသိရိမာကို အလိုမရှိပေ။ ထိုနောက် ''အဖိုးအခမပေးရပဲ အချည်းနှီးသက်သက်သော်လည်း ယူကြကုန်လော့''ဟု စည်ကိုလှည့်လည်စေပြန်၏။ ''ငါသည် ယူအံ့'' ဟူ၍လည်းကောင်း ''ငါ့အားဖြစ်ပါစေသတည်း''ဟူ၍ လည်းကောင်း ဆိုသောသူမည် သည်တစုံတယောက်မျှ ရှိသည်မဖြစ်။

## ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ ကျွတ်တမ်းဝင်ခြင်း

မင်းကြီးသည်''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဖိုးအခမပေးရပဲ အချည်းနှီးသက်သက်ပင်သော်လည်း ယူမည့်သူမရှိပါ''ဟု

လျှောက်၏။ ဘုရားကိုယ်တော်မြတ်က "ချစ်သားရဟန်းတို့ လူများ အပေါင်းအား ချစ်မြတ်နိုးအပ်သော မာတုဂါမကို ကြည့်ရှုကြပါကုန် လော့။ ဤရာဇဂြိုဟ်မြို့၌ပင်လျှင် တထောင်သောအသပြာကို ပေး၍ တနေ့မျှကာလကို ရကြကုန်၏။ ဤယခုအခါ၌မူကား အဖိုးအခမပေးရပဲ အချည်းနှီးသက်သက်ပင်သော်လည်း ယူမည့်သူ တစုံတယောက်မျှမရှိ။ ဤသို့ သဘောရှိသော ရုပ်မည်သည် ကုန်ခြင်းပျက်ခြင်းသို့ ရောက်၏။ ချစ် သားရဟန်းတို့ ကျင်နာနှိပ်စက်တတ်သော အတ္တဘောကို ကြည့်ရှုကြကုန် လော့"ဟု မိန့်တော်မူပြီး၍–

ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။

အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါ တို့အား အကျွတ်တရားကိုရခြင်းသည်ဖြစ်လေ၏။ သိရိမာကိုတပ်မက်၍နေ သော ထိုရဟန်းသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

**အနက်ကား။** ။စိတ္တကတံ၊ အဝတ်တန်ဆာ ပန်းနံ့သာဖြင့် ဆန်း ကြယ်စွာပြုအပ်သော။ ဗိမ္ဗံ၊ လက်တတ်ပန်းပုသည် ထုအပ်သောအရုပ်နှင့် တူထသော။ သမုဿိတံ၊ သုံးရာသောအရိုးတို့ဖြင့် စိုက်ဆောက်အပ်သော။ အာတုရံ၊ နာကျင်တတ်သော။ ဗဟုသင်္ကပ္ပံ၊ များစွာသော သူတို့သည် အထူးထူးအပြားပြားကြံစည်အပ်သော။ အရုကာယံ၊ ကိုးပေါက်ဒွါရအမာ ဝရှိသောကိုယ်ကို။ ပဿ၊ စေ့စေ့ငုငုကြည့်ရှုပါလော့။ ယဿ၊ အကြင်ကိုယ် ၏။ ဓုဝံ ဌိတိ၊ အမြဲအရှည် တည်နေခြင်းသည်။ နတ္ထိ၊ မရှိခဲ့ချေတကား။ ဤကားအနက်။

ဓမ္မပဒဇာတဝဂ်၌ နှစ်ခုမြောက်သော သိရိမာပြည့်တန်ဆာမ၏ ဝတ္ထု စကားစဉ်ကား ဤတွင် ရွှေ့ပြီး၏။

ဓမ္မပဒဝတ္ထုတော်ကြီးမှ ကောက်နုတ်ချက်

# ၂-အပ္ပမာဒဝဂ်

## ၂-ကုမ္ဘဃောသက သဌေးသားဝတ္ထု

ဥဋ္ဌာနဝတော-အစရှိသော ဤဓမ္မဒေသနာ ပါဠိဂါထာတို့ကို နတ်လူတို့ဆရာ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဖြစ်တော်မူသော ... 

ဥဋ္ဌာနဝတော-အစရှိသော ဤဓမ္မဒေသနာ ပါဠိဂါထာတို့ကို နတ်လူ တို့ဆရာ ဗြဟ္မာတို့မကိုဋ္ဌ သုံးထိုက်လုံးဘဝန္တဂူ ဖြစ်တော်မူသော သယမ္ဘူမြတ်ဖျား ဘုရားကိုယ်တော်မြတ်သည် ဝါးညိုရိပ်မြုံ ယှက်သန်းစုံသော ဝေဠုဝန်ရွှေဘုံ၌ လေးစုံသောယာပထဖြင့် မျှတကျိန်းလျောင်း ကိန်းအောင်းစံပယ်တော်မူလျက် ကုမ္ဘဃောသက သဌေးသားကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူ၏။

အကြောင်းအတ္ထုပ္ပတ္တိစကား အစဉ်ကား ဤသို့တည်း။

ငါးသွယ်ပဗ္ဗတ ရံခမဂဓိုရ် ရာဇဂြိုဟ်ပြည်ကြီး၌ ပစ္စည်းဥစ္စာများစွာ ကြွယ်ဝ ပေါများလှသော သဌေးကြီးတဦးသည်ရှိ၏။ ထိုရာဇဂြိုဟ်သဌေး ကြီးအိမ်၌ အဟိဝါတမည်သော ရင်နာသည် ဖြစ်၏။ ထိုရင်နာသည် ဖြစ်ပွားသည်ရှိသော် ယင် မှက်ကိုအစပြု၍ နွားတိုင်အောင် တိရစ္ဆာန်တို့သည် ရှေးဦးစွာ သေကုန်၏။ ထိုနောက် ကျွန်အမှုလုပ်သူတို့သည် သေကုန်၏။ အလုံးစုံတို့၏နောက်မှ အိမ်ရှင်တို့သည် သေကုန်၏။ ထိုကြောင့် ရင်အနာရောဂါသည် အလုံးစုံတို့၏နောက် သဌေးကြီးကိုလည်းကောင်း သဌေး၏ မယားကိုလည်းကောင်း ယူလေ၏။ ထိုသဌေးလင်မယားတို့သည် ရောဂါဖြင့် တွေ့ထိကုန်သည်ဖြစ်၍ မိမိတို့အထံ၌ တည်သောသားငယ်ကို တစိမ့်စိမ့် ကြည့်ရှုပြီးလျှင် မျက်ရည်ယိုပြည့်ရှိသော မျက်စိတို့ဖြင့် သားငယ်ကို "ချစ်သား ဤသို့သောရောဂါသည် ဖြစ်ပွားသည်ရှိသော် နံရံကို ခွဲဖောက်၍ အကြွင်းအမှတ်မရှိသော သူတို့သည် ပြေးထွက်ကုန်၏။ ထိုသူတို့သည် အသက်ကို ရကုန်၏။ အမောင် ချစ်သားသည် ငါတို့အား သနားငဲ့ညှာ တွယ်တာတည့်တည့် ပြန်မကြည့်ပဲ ပြေးလွှဲရှောင်ထွက် အသက်ချမ်းသာ

မှ တဖန်ပြန်လာပြီးသည်ကာလ ငါတို့သည် ဤမည်သော အရပ်၌ ကုဋေလေးဆယ်မျှလောက် ပမာဏရှိကုန်သော ပစ္စည်းဥစ္စာတို့ကို သိုမှီးမြှုပ်နှံ၍ ထားအပ်ကုန်၏။ ထိုဥစ္စာကို ထုတ်ဖော်ယူဆောင်ပြီးလျှင် အသက်မွေးခြင်းကို ပြုလေလော့”ဟု မှာထား၏။ ထိုသားငယ်သည်လည်း မိခင်ဖခင် ကျေးဇူးရှင်တို့၏ စကားကိုကြား၍ စိုးရိမ်ပူဆွေး ငိုကြွေးပြီးသော် မိခင် ဖခင်တို့ကို ဦးတင်ညွတ်လျှိုးရှိခိုးပြီး၍ သေအံ့သောဘေးမှ တွေးတောရွံ့ကြောက်သောကြောင့် နံရံကိုဖောက်ခွဲပြီးလျှင် ထွက်ပြေးတိမ်းရှောင်၍ ပစ္စန္တရစ်ရွာသို့ သွားပြီး၍ ထိုပစ္စန္တရစ်ရွာ၌ တဆယ့်နှစ်နှစ်ပတ်လုံးနေပြီးလျှင် တဖန်ပြန်လာခဲ့၏။

## အခစားအမှုဖြင့် အသက်မွေးခြင်း

ထိုအခါ သတို့သားလုလင်သည် ငယ်ရွယ်စဉ်အခါက သွား၍ ကြီးပွားပေါက်ရောက်သော ဆံမုတ်ဆိတ်ကျင်စွယ်ရှိသောအခါ၌ လာအပ်သည်၏ အဖြစ်ကြောင့် တစုံတယောက်သောသူမျှ မမှတ်မိလေ။ ထိုလုလင်သည် မိခင်ဘဘွားတို့ ပေးသနားခဲ့သော အမှတ်သညာ၏အစွမ်းဖြင့်ဥစ္စာထားရာအရပ်သို့ ချဉ်းကပ်သွားရောက် ကြည့်ရှုသည်ရှိသော် ပစ္စည်းဥစ္စာ၏ တစုံတခု နှောင့်ယှက်၍ အပျက်အစီးမရှိသည်၏ အဖြစ်ကို သိပြီး သည် ကာလ ကြံဆင်ခြင်သည်မှာ “ငါ့ကို သဋ္ဌေးသားဟူ၍ ထင်ရှားပြောပလောက်အောင် တစုံတယောက်မျှမသိချေ၊ငါသည် အကယ်၍ ဥစ္စာကို ထုတ်ဖော်၍ သုံးဆောင်ခဲ့အံ့၊‘တယောက်သောသူဆင်းရဲသည် ရွှေအိုးကို ထုတ်ဖော်အပ်သတည်း’ဟု ငါ့ကိုဖမ်းယူ၍ ညှဉ်းပန်းကုန်ရာ၏။ ယခုအခါ ငါသည် အခစားအမှုကိုပြု၍ အသက်မွေးရသည်ရှိသော် သင့်လျော်လျောက်ပတ် ကောင်းမြတ်ပေလိမ့်မည်” ဟု ကြံပြီးမှ ထိုအခါ တခုသော ပုဆိုးပိုင်းကိုဝတ်၍“တစုံတယောက်သောသူသည် အခခပေးသဖြင့် ခိုင်းစေခြင်းငှါ အလိုရှိသလော” ဟု မေးမြန်းလျက် အခစားအမှုကို ပြုလေ့ရှိသော သူတို့၏ခရီးမသို့ရောက်လေ၏။ ထိုအခါလုလင် ကို အခစားအမှုကို ပြုလေ့ရှိသောသူတို့မြင်၍ “ငါ၏တခုသောအမှုကို အမြဲမပြတ် အကယ်၍ အသင်ပြုသည်ဖြစ်ခဲ့အံ့၊အသင်အား ထမင်းတည်းဟူသော အခကိုပေးကုန်အံ့” ဟု

ဆိုကြကုန်၏။ "ပြုရအံ့သောအမှုသည် အဘယ်နည်း" ဟုမေးသဖြင့် "သတိမမေ့လျော့သည်ကိုတိုက်တွန်းနှိုးဆော် သိစေသောအမှုပေတည်း။ အကယ်၍ အသင်သည်စွမ်းနိုင်သည်ရှိသော် နံနက်စောစောကပင်လျှင်ထ၍ အမောင်တို့ ထကြကုန်လော့၊ လှည်းတို့ကိုပြင်ဆင်ဖွဲ့စည်းကြကုန်လော့၊ နွားတို့ကို ကကြကုန်လော့၊ ဆင်မြင်းတို့၏ မြက်အလို့ငှါ သွားချိန်ဘန်သောအခါတည်း။ မိခင်တို့ အသင်တို့သည်လည်း ထကြကုန်လော့ ယာဂုကို ချက်ကြကုန်လော့၊ ထမင်းကိုချက်ကြကုန်လော့ အစရှိသဖြင့် စိစစ်လှည့်လည်၍ ကြားလေလော့" ဟုပြော၏။ ထိုလုလင်သည် "ကောင်းပါပြီ" ဟု ဝန်ခံသည်ကာလ လုလင်နေရန်အလို့ငှါ တခုသောအိမ်ကိုပေးကြကုန်၏။ ထိုလုလင်သည်လည်း နေ့တိုင်း နေ့တိုင်း ခိုင်းစေမှာထားသောအမှုကို ပြုပေ၏။

ထိုအခါ တနေ့သ၌ ဗိမ္ဗိသာရမင်းကြီးသည် ထိုလုလင်၏ အသံကိုကြားလေ၏။ ဗိမ္ဗိသာရမင်းကြီးသည်ကား အလုံးစုံသောသူတို့၏ အသံ၌ သိတတ်သော သဘောရှိ၏၊ ထို့ကြောင့် "ဤအသံသည်ကား များစွာသော ပစ္စည်းဥစ္စာရှိသော ယောကျ်ား၏အသံပေတကား" ဟုဆို၏။ ထိုသို့ဆိုသောအခါ မင်းကြီး၏အထံ၌ တည်ရှိသောတယောက်သော ကိုယ်လုပ်တော်မောင်းမသည် "မင်းကြီးကား ဟုတ်ဟုတ်ငြားငြား သာမညအားဖြင့် ဤစကားကိုမဆိုပဲရှိလတ္တံ့. ဤသူကိုသိခြင်းငှါ အပ်၏" ဟု ကြံ၍ "အမောင်သွားတဲ့ချေ ဟစ်အော်ကြွေးကြော်သော ဤသူကို သိအောင်ပြုခဲ့ဘိလော့" ဟု တယောက်သောယောကျ်ားကို စေလွှတ်၏၊ စေလွှတ်အပ်သောထိုယောကျ်ားသည် လျင်စွာသောအဟုန်ဖြင့်သွား၍ ဟစ်အော်ကြွေးကြော်သော လုလင်ကိုမြင်ပြီးသော် ပြန်လာခဲ့၍ "ဤသူသည် တယောက်သော အခစားအမှုဖြင့် ခိုင်းစေလေ့ရှိကုန်သော သူတို့၏အခစားအမှုကိုပြုသောအထီးကျန်သောလူပေတည်း" ဟု ပြောကြား၏၊ ဗိမ္ဗိသာရမင်းကြီးသည် "ဤသူသည်ကား အထီးကျန်သော သူတည်း" ဟူသော စကားကိုကြား၍ ဆိတ်ဆိတ်သာလျှင်နေ၏။ နှစ်ရက်မြောက်သောနေ့၌ လည်းကောင်း သုံးရက်ရက်မြောက်သောနေ့၌လည်းကောင်း ထိုလုလင်၏ အသံကိုကြား၍ ရှေးနည်းတူသာလျှင်ဆို၏။

## သမီးတော်နှင့် သွေးဆောင်ခြင်း

အလုပ်အကျွေး ကိုယ်လုပ်တော်မောင်းမကလည်း ရှေးနည်းအတူ ကြံ၍ အဖန်တလဲလဲစေလွှတ်ပြီး သည်ကာလ ကြည့်ရှုပါစေသော်လည်း "အထီးကျန်သောသူတည်း" ဟု ဆိုသည်ရှိသော် ကြံဆင်ခြင်၏။ "မင်းကြီး သည်'ဤသူသည် အထီးကျန်သောသူတည်း'ဟု ပြောဆိုသောစကားကို ကြားပါသော်လည်း မယုံကြည်။ အဖန်ဖန်အထပ်ထပ် မပြတ်သာလျှင် ဤ အသံသည်ကား များစွာသောပစ္စည်းဥစ္စာရှိသော ယောကျ်ား၏အသံဟူ၍ သာ ဆိုလေသည်။ ဤအရာ၌ တစုံတခုသော အကြောင်းသည်ဖြစ်ရာ၏။ ဟုတ်မှန်တိုင်းသော သဘောအားဖြင့် ဤအမှုကိုသိခြင်းငှါ အပ်၏" ဟု ကြံ၍ ကိုယ်လုပ်မောင်းမသည် မင်းကြီးကို "အရှင်မင်းမြတ် အကျွန်ုပ်သည် တထောင်မျှလောက်သော အသပြာကိုရပါမူကား သမီးကိုယူ၍ သွားပြီး သည်ကာလ ဤဥစ္စာတို့ကို မင်းအိမ်သို့ရောက်အောင် သွင်းပါအံ့" ဟု လျှောက်တင်၏။ မင်းကြီးလည်း ကိုယ်လုပ်မောင်းမ၏ စကားကိုကြား၍ ကိုယ်လုပ်မောင်းမအား တထောင်သောအသပြာကိုပေးစေ၏။

ထိုမိန်းမသည် တထောင်သော အသပြာကိုယူပြီးလျှင် သမီးကို တခု သော ညစ်နွမ်းသော သဘောရှိသော အဝတ်ကိုဝတ်စေ၍ သမီးနှင့်တကွ ထွက်ခဲ့၍ ခရီးသွားသောသူကဲ့သို့ အခစားဖြင့် အသက်မွေးလေ့ ရှိသော သူတို့နေရာ ခရီးမသို့သွားရောက်ပြီးလျှင် တခုသောအိမ်သို့ ဝင်ပြီးသည် ကာလ "မိခင် ငါတို့သည် ခရီးသွားဧည့်သည်တို့ပါတည်း၊ တရက်နှစ်ရက် ဤအရပ်၌ အပန်းဖြေ နားနေပြီး သက်သာရာကိုရစေ၍ သွားပါကုန်အံ့" ဟုဆို၏။ "မိခင် ဤအိမ်သည်ကား များစွာသောလူတို့ ရှိကုန်၏။ ဤအိမ်၌ နေခြင်းငှာ မတတ်ကောင်းပါ။ ကုမ္ဘဃောသက၏ အိမ်သည်ကား လူမရှိ မူ၍ အချည်းနှီးဖြစ်ပါသည်၊ ထိုအိမ်သို့ သွားကြပါကုန်လော့" ဟု ညွှန်ကြား ပြောဆိုလိုက်၏။

ထိုမိန်းမသည် ကုမ္ဘဃောသကလုလင်၏အိမ်သို့သွား၍ "အရှင် ငါတို့ သည် ခရီးသွားတို့ပါတည်း။ တရက်နှစ်ရက် ဤအိမ်၌ တည်းခိုနေထိုင်ပါ

ရစေကုန်”ဟုဆို၍ ကုမ္ဘဃောသကသည် အဖန်တလဲလဲ မြစ်ပယ်အပ်သော်လည်း “အရှင် ယနေ့တနေ့မျှကို တည်းခိုနေထိုင်၍ နံနက်စောစောကပင် လျှင် သွားအံ့”ဟုဆို၍ ထွက်ခြင်းငှာ အလိုမရှိချေ။ ထိုမိန်းမသည် ကုမ္ဘဃောသကလုလင်၏အိမ်၌တည်းခိုနေထိုင်ပြီးသည်ကာလ တဖန်မိုးသောက်ရောက်သောနေ့ဝယ် ကုမ္ဘဃောသကလုလင်၏ တောသို့ သွားအံ့သောအခါ၌“အရှင် သင်၏ရိက္ခာဆန်ကို ပေးခဲ့၍ သွားလေလော့ သင်၏စားရန်ဖြစ်သောအာဟာရကို ငါတို့ချက်ပြုတ်၍ထားကုန်အံ့”ဟုဆို၏။“မိခင်အလိုမရှိပါ။ ကျွန်ုပ်သည်သာလျှင်ချက်၍စားပါတော့အံ့”ဟု ဆိုသည်ရှိသော် အဖန်တလဲလဲတောင်းပန်၏။ ကုမ္ဘဃောသကသည် ပေးအပ်သည်ရှိသော် ယူကာမျှကိုသာလျှင်ပြု၍ အိမ်ဈေးမှ အိုးခွက်တို့ကိုလည်းကောင်း သန့်ရှင်းစင်ကြယ်သော ဆန်တို့ကိုလည်းကောင်း ဆောင်စေ၍ မင်းအိမ်၌ ချက်အပ်သော အမှတ်ဖြင့်သာလျှင် ကောင်းစွာစင်ကြယ်သော ထမင်းကိုလည်းကောင်း ကောင်းသောအရသာရှိကုန်သော နှစ်မျိုး သုံးမျိုးကုန်သော လက်သုပ် ဟင်းလျာတို့ကိုလည်းကောင်းချက်ပြုတ်၍ တောမှပြန်လာသော ကုမ္ဘဃောသကလုလင်အား ပြုပြင်၍ပေး၏။

ထိုအခါ မွန်မြတ်သော ခဲဖွယ်ဘောဇဉ် ဟင်းလျာတို့ကို စားသောက်ရသဖြင့် ကုမ္ဘဃောသက လုလင်၏ နူးညံ့သိမ်မွေ့သော စိတ်ရှိသည်၏အဖြစ်သို့ ရောက်သည်ကိုသိ၍ “အရှင် ငါတို့သည်ကား ပင်ပန်းသောသဘောရှိသည် ဖြစ်ကြကုန်၏။ တရက် နှစ်ရက် ဤအိမ်၌သာလျှင်တည်းခိုနေထိုင်ပါရစေကုန်ဦး”ဟု ဆို၏။ ကုမ္ဘဃောသကသည် “ကောင်းပြီ”ဟု ဝန်ခံ၍ ညချမ်းအခါ၌ လည်းကောင်း တဖန်မိုးသောက်နေ့၌လည်းကောင်း ချိုမြိန်ကောင်းမြတ်သော ထမင်းကိုချက်၍ ကုမ္ဘဃောသကလုလင်အား ပြုပြင်၍ပေးပေ၏။ ထိုကုမ္ဘဃောသကလုလင်၏ နူးညံ့သောစိတ်ရှိသည်ကို သိ၍“အရှင် နှစ်ရက်သုံးရက် ပတ်လုံး ဤအိမ်၌သာလျှင် တည်းခိုနေထိုင်ပါရစေဦး”ဟု ပြောဆိုပြီးလျှင် ထိုအိမ်၌ နေကုန်လျက် ထက်စွာသော ဓားဖြင့်ကုမ္ဘဃောသကလုလင်၏ ညောင်စောင်း၏အောက်၌အဘောင်ကို ထိုထိုသို့သောနေရာ၌ ခွဲဖျက်ဖြတ်တောက်၍ထား၏။

ညောင်စောင်းသည် ထိုကုမ္ဘဃောသကလုလင် လာ၍ထိုင်နေကာ မတ္တမျှဖြင့် အောက်၌ တွဲလွဲဆွဲလေ၏။ ကုမ္ဘဃောသကသည် "အဘယ် ကြောင့် ဤညောင်စောင်းကို ခွဲဖျက်၍သွားကြပါလိမ့်မည်နည်း"ဟု ဆို၏။ "အရှင် ရှာသူရှာသားငယ်တို့ကို တားမြစ်ခြင်းငှာ မစွမ်းနိုင်ပါကုန်၊ လာ၍ လာ၍ ဤညောင်စောင်း၌ သာလျှင် စည်းဝေးထိုင်နေကုန်ဘိသည်"ဟု ဆို၏။ မိခင် အကျွန်ုပ်အား ဤသို့သော ဆင်းရဲဒုက္ခသည် အသင်တို့ကို မှီ၍ ဖြစ်လေဘိသည်။ ငါသည် ရှေးအခါ၌ တစုံတခုသောအရပ်သို့ သွား လိုသည်ရှိသော် တံခါးကိုပိတ်၍သွားပေသည်"ဟုဆိုသည်ကာလ "ချစ်သား အဘယ်သို့ပြုအံ့နည်း။ တားမြစ်ခြင်းငှာ မစွမ်းနိုင်ပါ"ဟု ဆို၏။ ထိုမိန်းမ သည် ဤသို့သော အမှတ်ဖြင့်သာလျှင် နှစ်ရက် သုံးရက်တို့ပတ်လုံး ဖျက် ဆီးဆုတ်ဖြတ်၍ ကုမ္ဘဃောသကလုလင်သည် အမျက်ဖြစ်ပွား များစွာပြစ် ဖွဲ့ ကဲ့ရဲ့ရှုတ်ချဆိုလေငြားသော်လည်း ရှေးနည်းအတူသာလျှင် ပြောဆိုပြီး သော် တဖန် တစ်ချောင်းနှစ်ချောင်းသော ကြိုးတို့ကိုထား၍ ကြွင်းသော ကြိုးအလုံးစုံတို့ကို အကုန်ဖြတ်၏။

## ကုမ္ဘဃောသက အိမ်ထောင်ကျခြင်း

ထိုနေ့က ကုမ္ဘဃောသကလုလင်သည်ထိုင်ကာမျှဖြင့်သာလျှင် အလုံးစုံ သော နေရာသည် မြေကြီး၌ ကျလေ၏။ ဦးခေါင်းသည် ပုဆစ်ဒူးတို့နှင့် တကွ တပေါင်းတည်းသာလျှင် ဖြစ်လေ၏။ ကုမ္ဘဃောသကလုလင်သည် ထ၍ "အဘယ်ကိုပြုရမည်နည်း။ ဤယခုအခါ၌ အဘယ်ကို သွားရပါမည် နည်း။ အိပ်ရာဖြစ်သော ညောင်စောင်းကိုလည်း အသင်တို့သည် အရှင် မဟုတ်သကဲ့သို့ ပြုလေသည်"ဟူ၍ဆို၏။ "ချစ်သားငါသည် အဘယ်သို့ပြုရ ပါမည်နည်း။ ချစ်ကျွမ်းသော အိမ်နီးချင်းသူငယ်တို့ကို တားမြစ်ခြင်းငှာ မစွမ်းနိုင်ပါ။ ချစ်သားရှိပါစေတော့၊ မကြံစည်မစိုးရိမ်မအောက်မေ့ပါလင့်၊ ဤအခါ၌ ဘယ်အရပ်သို့ သွားရမည်နည်းဟုဆို၍ သမီးကို ခေါ်ပြီးလျှင် ချစ်သမီး သင့်မောင်ကြီး၏ အိပ်ရာ နေရာအရပ်ကို ပြုလော့"ဟု ဆို၏။ သတို့သမီးလည်း တဖက်သောနံပါး၌ အိပ်၍ "အရှင်-ဤအရပ်သို့လာ လှည့်"ဟု ဆို၏။ မိခင်ဖြစ်သောသူကလည်း ကုမ္ဘဃောသကလုလင်ကို

"ချစ်သား သွားတဲ့ချေ၊ အသင်၏နှမနှင့် အတူ တကွ အိပ်လေလော့"ဟု ဆို၏။ ကုမ္ဘဃောသကလုလင်သည် ထိုသတို့သမီးနှင့်အတူတကွ တခုသော ညောင်စောင်း၌ အိပ်၍ ထိုနေ့၌ပင်လျှင် ပေါင်းဖော်ခြင်းကို ပြုလေ၏။

သတို့သမီးသည်ထရှိုက်၏။ ထိုအခါ သဘိုသမီးကို"မိခင်က ချစ်သမီး အဘယ်ကြောင့်ငိုကြွေးဘိသနည်း"ဟုမေး၏။"မိခင်ကျွမည်သောအမှုသည် ဖြစ်လေပြီ"ဟုဆို၏။"ချစ်သမီးရှိပါစေတော့၊အကြောင်းတရားကိုတားမြစ် ပြုပြင်ခြင်းငှာ အဘယ်သို့ တတ်ကောင်းပါအံ့နည်း။ အသင်သည်လည်း တယောက်သော မှီခိုဆည်းကပ်ရာ ခင်ပွန်းလင်ကို ရခြင်းငှါအပ်ပါ၏။ ကျွံလုလင်သည်လည်း တယောက်သောခြေရင်း အလုပ် အကျွေးဖြစ် သော မယားကိုရခြင်းငှါအပ်၏"ဟုဆို၍ ထိုသူတို့ကို ပေးစားထိမ်းမြ းပြီး သည်ကာလ သမက်အဖြစ်ကို ပြုလေ၏။ ထိုသူတို့သည် အညီအညွတ် ပေါင်းဖော်ယှဉ်တွဲ နေထိုင်ကြကုန်၏။

မိခင်ဖြစ်သော ထိုမိန်းမသည် နှစ်ရက် သုံးရက်ကိုလွန်မြောက်သဖြင့် မင်းကြီးအား "အချင်မင်းမြတ် အခစားဖြင့် အသက်မွေးလေ့ရှိသော သူဘို၏ ခရီးလမ်းမ၌ သဘင်ကို ပြုစေတော်မူကုန်လော့။ 'အကြင်သူ၏ အိမ်၌ သဘင်ကိုမပြု၊ ထိုသူအား ကျွံမျှသောဒဏ်သည် ဖြစ်စေသတည်း'ဟု ကြွေးကြော်ခြင်းကို ပြုတော်မူပါလော့"ဟု သတင်းစကားကို စေလွှတ်ပို့ လိုက်၏။ ဗိမ္ဗိသာရမင်းကြီးသည် သတင်းစကားပါလာသော အတိုင်း အားဖြင့် ပြုစေ၏။ ထိုအခါ ကုမ္ဘဃောသကကို ယောက္ခမက "ချစ်သား အခစားခရီးလမ်းမ၌ မင်းကြီး၏အာဏာဖြင့် သဘင်ပြုအပ်သည်ဖြစ်ပေ၏၊ အသို့ ပြုအံ့နည်း"ဟု ဆို၏။

"မိခင် ငါသည် အခစားအမှုကို ပြုပါသော်လည်း အသက်မွေးခြင်းငှါ မစွမ်းနိုင်ပါ၊ အဘယ်သို့လျှင် ပြုနိုင်ပါအံ့နည်း"ဟုဆို၏။ "ချစ်သား၊ ဃရာ ဝါသ ကိစ္စဖွဲ့နှောင် အိမ်ရာထောင်၍ လူ့ဘောင်၌နေထိုင်သောသူတို့ မည် သည်ကား ကြွေးမြီကိုသော်လည်း ယူရကုန်၏။ မင်းအာဏာကို မပြုပဲ နေခြင်းငှါ မရအပ်ကုန်၊ ယူအပ်သောကြွေးမြီမှာ တခုသောအကြောင်းဖြင့်

လွှတ်ခြင်းငှါ တတ်ကောင်း၏။ ချစ်သား သွားတဲ့ချေ၊ တစုံတခုသော သူ၏ထံမှ တခု နှစ်ခု ကုန်သောအသပြာတို့ကိုဆောင်ယူခဲ့လော့”ဟုဆို၏။ ထိုကုမ္ဘဃောသကလုလင်သည် ငြူစူမျက်ဖွဲ့ ကဲ့ရဲ့ရှုတ်ချလျက်သွားပြီးသော် ကုဋေလေးဆယ်သော ဥစ္စာတို့ကို ထားရာအရပ်မှ တခုသာလျှင်ဖြစ်သော အသပြာကို ဆောင်ယူခဲ့၏။

ထိုမိန်းမသည် ကုမ္ဘဃောသကလုလင်ပေးအပ်သော အသပြာကို မင်းကြီးအား ပို့စေ၍ မိမိ၏တခုသောအသပြာဖြင့် ဘင်ကိုပြုပြီးသော် တဖန်နှစ်ရက် သုံးရက်ကိုလွန်မြောက်သဖြင့်၊ ရှေးနည်းအတူသာလျှင် သတင်းစကားကို စေလွှတ်၏။ တဖန် မင်းကြီးသည် ‘သဘင်ကိုပြုစေကုန်သတည်း၊ မပြုကုန်သောသူတို့အား ဤမျှသော ဒဏ်ဖြစ်စေသတည်း”ဟု မင်း၏အာဏာဖြင့်စေလွှတ်၏။ တဖန်လည်း ကုမ္ဘဃောသကကို ယောက္ခမဖြစ်သောမိန်းမသည် ရှေးနည်းအတူသာလျှင်ဆို၍ နှိပ်နယ်အပ်သည်ရှိသော် ဥစ္စာထားရာအရပ်သို့သွား၍ သုံးခုသောအသပြာတို့ကို ဆောင်ယူခဲ့ပြီးသည်ကာလ ပေး၏။

ကုမ္ဘဃောသကအား နန်းတော်ကခေါ်ခြင်း

ထိုမိန်းမသည် ကုမ္ဘဃောသကလုလင် ဆောင်ယူခဲ့သောအသပြာတို့ကို မင်းကြီးအားပို့စေ၍ တဖန် နှစ်ရက်သုံးရက်ကို လွန်မြောက်သဖြင့် ရှေးနည်းအတူသာလျှင် မင်းကြီးအား “အရှင်မင်းမြတ် ယခုအခါ၌ မင်းချင်းယောကျ်ားတို့ကို စေလွှတ်၍ ဤကုမ္ဘဃောသကလုလင်ကို ခေါ်လာစေသတည်း”ဟု သတင်းစကားကို ပို့ဆက်လိုက်၏။ ဗိမ္ဗိသာရမင်းကြီးသည် မင်းချင်းယောကျ်ားတို့ကို စေလွှတ်လိုက်၏။ မင်းချင်းယောကျ်ားတို့လည်း ထိုအရပ်သို့သွား၍ “ကုမ္ဘဃောသက အမည်ရှိသောသူသည် အဘယ်သူနည်း”ဟု မေးပြီးလျှင် ရှာမှီးကုန်လျက် ကုမ္ဘဃောသကလုလင်ကို တွေ့မြင်သောအခါ“အိုအချင်းလာလှည့် အသင့်ကို မင်းကြီးသည်ခေါ်သတည်း”ဟုဆိုကြကုန်၏။ ထိုကုမ္ဘဃောသကလုလင်သည် ကြောက်ရွံ့သောကြောင့် “ငါ့ကို မင်းကြီးသည်မသိ၊”ဤသို့ အစရှိသောစကားတို့ကိုဆို၍ သွားခြင်းငှါ အလိုမရှိပဲနေလေ၏။

ထိုအခါ ကုမ္ဘဃောသကလုလင်ကို အနိုင်အထက်အားဖြင့် လက်စသည်တို့၌ ကိုင်ဆွဲ၍ငင်ကုန်၏။ ယောက္ခမဖြစ်သော မိန်းမသည် ထိုမင်းချင်းယောကျ်ားတို့ကိုမြင်၍"အချင်း ဆိုနိုင် ခက်ခဲသော ယောကျ်ားတို့ အသင်တို့သည် ငါ့သမက်ကိုလက်စသည်တို့၌ ကိုင်ဆွဲခြင်းငှာ မလျောက်ပတ်ကုန်"ဟု ခြိမ်းခြောက်၍ "ချစ်သား လာလှည့် ၊မကြောက်ပါလင့်။ မင်းကြီးကို ဖူးမြင်၍ သင်၏လက်စသည် တို့ကို ကိုင်ဆွဲငင်ကုန်သောသူတို့အား လက်တို့ကိုသာလျှင် ဖြတ်စေအံ့"ဟု ဆို၍ ထိုမိန်းမတို့သည် သမီးကိုခေါ်ယူ၍ရှေ့မှသာလျှင် မင်းအိမ်သို့ သွားရောက်ပြီးသည်ကာလ အသွင်ကိုလဲလှယ်၍ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်ကုန်လျက် တင့်အပ်လျောက်ပတ်သော အရပ်၌တည်နေ၏။မင်းချင်းယောကျ်ားတို့သည် ကုမ္ဘဃောသကလုလင်ကို ဆွဲငင်၍ ဆောင်ကုန်သည်သာလျှင်တည်း။

ထိုအခါ ရှိခိုး၍တည်လာသော ကုမ္ဘဃောသကလုလင်ကို မင်းကြီးက "သင်သည် ကုမ္ဘဃောသကမည်သော သူဟုတ်ပေသလော"ဟုမေးတော်မူ၏။"အရှင်မင်းမြတ် ဟုတ်ပါပေ၏"ဟု ဝန်ခံလျှင်"အဘယ်ကြောင့်များစွာသော ဥစ္စာကို ငါ့အား လှည့်ပတ်ပြီးသည်ကာလ သုံးစွဲစားသောက်၍ နေဘိသနည်း"ဟု မေး၏။ "အရှင်မင်းမြတ် အကျွန်ုပ်အား များစွာသော ဥစ္စာ အဘိမှာရှိပါတုံအံ့နည်း။အခစား အမှုကိုပြု၍ အသက်မွေးရပါသည်" ဟု လျှောက်၏။ ဗိမ္ဗိသာရမင်းကြီးက "ဤသို့မပြုလင့် အဘယ့်ကြောင့်ငါတို့ကို လှည့်ပတ်ဘိသနည်း"ဟု မိန့်ဆိုလျှင် "အရှင်မင်းမြတ် မလှည့်ပတ်ပါ။ အကျွန်ုပ်အား ဥစ္စာမရှိပါ"ဟုလျှောက်၏။

ထိုအခါမင်းကြီးက ကုမ္ဘဃောသကအား ထိုအသပြာတို့ကို ရှေ့မှာထုတ်ပြပြီးလျှင် "ဤအသပြာတို့သည်ကားအဘယ်သူ၏အသပြာတို့ ပေနည်း" ဟု ဆို၏။ ထို ကုမ္ဘဃောသကသည် မှတ်မိသည်ဖြစ်၍ "ဤအသပြာတို့ကို ထုတ်၍ဆောင်ယူအပ်သော ငါသည် မိုက်မဲလေစွတကား။ အဘယ့်ကြောင့်သာလျှင် ဤ အသပြာတို့သည် မင်းကြီး၏ လက်သို့ ရောက်ပါလိမ့်မည်နည်း"ဟု ထိုမှ ဤမှ ကြည့်ရှုသည်ရှိသော် အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် တိုက်ခန်းတံခါးရင်း၌ တည်ကုန်သောနှစ်ယောက်

ကုန်သော ထိုမိန်းမတို့ကိုမြင်၍ "ဤအမှုသည်ကား အလွန်ဝန်လေးသော အမှုဖြစ်ချေသည်တကား၊ ဤမိန်းမတို့ကို မင်းကြီးသည် စေလွှတ်အပ်သည်ဖြစ်ပေလိမ့်မည်" ဟု ကြံဆင်ခြင်၏။

ထိုအခါ ကုမ္ဘဃောသကလုလင်ကို မင်းကြီးက "အိုအချင်း ဆိုဘိလော့၊ အဘယ်ကြောင့် ဤသို့ပြုဘိသနည်း" ဟု ဆို၏။ "အရှင်မင်းမြတ် အကျွန်ုပ်အား အားကိုးမှီခိုရာမရှိပါ" ဟု လျှောက်လျှင် "ငါသို့သဘောရှိသော သူသည် အသင်၏ အားကိုးမှီခိုရာဖြစ်ခြင်းငှာ မအပ်ပါသလော" ဟု မိန့်တော်မူသဖြင့် "အရှင်မင်းမြတ် သင့်လျော်ကောင်းမြတ်သည် အကယ်၍ ဖြစ်ခဲ့ပါအံ့။ အရှင်မင်းမြတ်သည် အကျွန်ုပ်၏ အားကိုးရာဖြစ်တော်မူပါလော့" ဟု လျှောက်လျှင် "အိုအချင်း အားကိုးမှီခိုရာဖြစ်အံ့။ အသင်အားဥစ္စာသည် အတိမျှရှိသနည်း" ဟုမေးတော်မူက။ "အရှင်မင်းမြတ် ကုဋေလေးဆယ်မျှ လောက်ရှိပါသည်" ဟု လျှောက်ထားသည်ရှိသော် "အဘယ်ကို ရခြင်းငှာ အပ်သနည်း" ဟု မေးတော်မူသဖြင့် "အရှင်မင်းမြတ် လှည်းတို့ကို ရခြင်းငှာ အပ်ပါသည်" ဟု လျှောက်၏။

**သမက်တော်အကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားခြင်း**

ဗိမ္ဗိသာရမင်းကြီးသည် အရာမကသော လှည်းတို့ကို ကစေပြီးလျှင် စေလွှတ်၍ ထိုဥစ္စာတို့ကို ယူဆောင်စေပြီးသည်ကာလ မင်းယင်ပြင်၌ အစုအပုံကို ပြုစေသော် ရာဇဂြိုဟ်ပြည်သူ ပြည်သားများစွာတို့ကို စည်းဝေးစေ၍ "ဤရာဇဂြိုဟ်မြို့၌ တစုံတယောက်သော သူအား ဤမျှလောက်သော ဥစ္စာသည် ရှိပါသလော" ဟု မေးတော်မူ၍ "အရှင်မင်းမြတ်မရှိပါ" ဟုလျှောက်ထားကုန်သည်ရှိသော် "ထိုသူအား အဘယ်သို့ပြုခြင်းငှာ အပ်သနည်း" ဟုမေးတော်မူသဖြင့် "အရှင်မင်းမြတ် ပူဇော်သက္ကာရကို ပြုခြင်းငှာ အပ်ပါသည်" ဟုလျှောက်ဆိုသည်ရှိသော် ကြီးစွာသောပူဇော်သက္ကာရဖြင့် သဌေး၏ အရာ၌ ထား၍ သမီးကိုလည်း ထိုကုမ္ဘဃောသကအား သာလျှင် ထိမ်းမြားဆောင်နှင်း၍ ကုမ္ဘဃောသကနှင့်အတူတကွ မြတ်စွာဘုရားထံတော်သို့ သွားကြပြီးလျှင် မြတ်စွာဘုရားသခင်ကို ကြည်လင်ညွတ်ကျိုး ရှိခိုးပြီး၍—

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤယောကျ်ားကို ရှုတော်မူပါကုန်လော့။ ဤသို့ သဘောရှိသော တည်ကြည်သော ပညာရှိသော သူမည်သည်မရှိပါ၊ ကုဋေလေးဆယ်မျှသော ဥစ္စာစည်းစိမ်ချမ်းသာရှိသောသူ ဖြစ်ပါလျက်သော်လည်း ပေါ်လွင်ထင်ရှားသော အခြင်းအရာကိုလည်းကောင်း ငါဟူသော မာန်ကိုလည်းကောင်း မပြုမူ၍ အထီးကျန်စွာ ဆင်းရဲရှာသောသူကဲ့သို့ ပုဆိုးပိုင်းကို ဝတ်ရုံသုံးဆောင်လျက် အခစားခရီးလမ်းမ၌ အခစားအမှုကို ပြုပြီးသည်ကာလ အသက်မွေး၍နေပါသည်၊ ဒကာတော်သည် ဤမည်သောအကြောင်း ဥပါယ်တံမျဉ်ဖြင့် သိအောင်ပြုရပါသည်။ အမှန်တိတိ သိပြီး၍လည်း ခေါ်စေပြီးသော် ဥစ္စာရှိသည်အဖြစ်ကို ဝန်ခံစေ၍ ထိုဥစ္စာကို ဆောင်ယူစေပြီးလျှင် သဌေးအရာ၌ ထားအပ်ပါသည်။ သမီးကိုလည်း ထိုကုမ္ဘဃောသအား ဒကာတော်သည် ပေးအပ်ဆောင်နှင်းပါသည်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဒကာတော်သည် ဤသို့သဘောရှိသော တည်ကြည်သောသူကို မတွေ့မထင် မမြင်ဖူးပါဘုရား" ဟု လျှောက်ထား၏။

## ကုမ္ဘဃောသက သောတာပန်တည်ခြင်း

ထိုသို့ လျှောက်ထားသောစကားကို ကြားသိတော်မူ၍ ဘုရားရှင်က "ဒါယကာမင်းမြတ် ဤသို့သဘောရှိသော အသက်ရှင်သော သူ၏ အသက်မွေးခြင်းသည် တရားသဖြင့် သင့်တင့်လျောက်ပတ် ကောင်းမြတ်သော အသက်မွေးခြင်းမည်၏။ သူတပါး၏ ပစ္စည်းဘဏ္ဍာကို ခိုးခြင်းအစရှိသော အမှုသည်ကား ပစ္စုပ္ပန်ဘဝ ဤလောက၌လည်း နှိပ်စက်ဖိစီးဖျက်ဆီးတတ်၏။ တမလွန်လောက နောင်ဘဝ၌လည်း နှိပ်စက်ဖိစီးဖျက်ဆီးတတ်၏။ ထို သူတပါး၏ ပစ္စည်းဥစ္စာဘဏ္ဍာကို ခိုးယူခြင်းဟူသော အကြောင်းကြောင့် ချမ်းသာခြင်းမည်သည်မရှိ၊ ထိုစကားသည် သင့်၏။ တစုံတယောက်သော ယောကျ်ားအား စီးပွားဥစ္စာဆုံးရှုံးပျက်စီးသော အခါ၌ လယ်ထွန်ခြင်းကိုလည်းကောင်း သူတပါးအစေအပါး အခစားကို

လည်းကောင်း ပြု၍ အသက်မွေးခြင်းသည်သာလျှင် တရားသဖြင့် သင့်တင့်ကောင်းမြတ်သော အသက်မွေးခြင်းမည်၏။

ဤသို့သဘောရှိသော ဝီရိယနှင့် ပြည့်စုံသော သတိနှင့် ပြည့်စုံသော ကိုယ်နှုတ်တို့ဖြင့် စင်ကြယ်သောအမှုရှိသော ပညာဖြင့် စူးစမ်းဆင်ခြင်၍ ပြုလေ့ ရှိသော ကိုယ်နှုတ် နှလုံး သုံးပါးလုံး၌ ကျင့်သုံးစောင့်စည်းသော တရားသဖြင့် အသက်မွေးမှုခြင်းကို မွေးမြူလေ့ ရှိသော သတိယွင်းချွတ် မလွတ်သောအဖြစ်၌ တည်သောသူအား အစိုးရခြင်း စည်းစိမ်ချမ်းသာသည် တနေ့တခြားတိုးပွားစည်ပင်၍လာသည်သာလျှင်တည်း"ဟုမိန့်တော်မူပြီး၍–

ဥဋ္ဌာနဝတော သတိမတော၊
သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿ စ ဓမ္မဇီဝိနော၊
အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ။

ဟူသောဂါထာကို ဟောတော်မူ၏။

ဤ ဒေသနာပါဠိဂါထာ၏ အဆုံး၌ ကုမ္ဘဃောသက သဌေးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ တပါးလည်းဖြစ်ကုန်သော များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဂါထာ၏အနက်ကား။ ။ဥဋ္ဌာနဝတော၊ ထကြွလုံ့လ ဝီရိယရှိထသော။ သတိမတော၊ သတိရှိထသော။ သုစိကမ္မဿ၊ စင်ကြယ်သောအမှုရှိထသော။ နိသမ္မကာရိနော၊ စူးစမ်း၍ပြုလေ့ရှိထသော။ သညတဿ၊ စောင့်စည်းထသော။ ဓမ္မဇီဝိနော၊ တရားသဖြင့် အသက်မွေးထသော။ အပ္ပမတ္တဿ၊ မမေ့မလျော့သောသူအား။ ယသော၊ စည်းစိမ်ဥစ္စာ အရာအထူး ကျေးဇူး သတင်း ကျော်စောခြင်းသည်။ အဘိဝဍ္ဎတိ၊ တနေ့တခြား တိုးပွားလေ၏။ ဤကားအနက်။

ဓမ္မပဒ အပ္ပမာဒဝဂ်၌ နှစ်ခုမြောက်သော ကုမ္ဘဃောသက သဌေး၏ ဝတ္ထုစကား အစဉ်ကား ဤတွင်ရွေ့ ပြီး၏။

ဓမ္မပဒဝတ္ထုတော်ကြီးမှ ကောက်နုတ်ချက်

# စကားလုံး ခက်ဆစ်အဓိပ္ပာယ်

ကဗျာ(ပါသက်)= ပညာရှိတို့၏ လက်ရာဖြစ်သော စည်းကမ်းစနစ်တကျ ဖွဲ့ဆိုထားသော စာအဖွဲ့တမျိုး။

လင်္ကာ(ပါသက်)= လင်္ကာ=အလင်္ကာရ = အဆင်တန်ဆာ၊စာပေအဆင်းတန်ဆာ။

နိမိတ်(ပါသက်)= သိစရာအကြောင်း အမှတ်အသား။

ကြိုင်= မွှေးသည်။

ခက်ကျိုင်း= သန်မာထွားကျိုင်းသော အခက်အလက်အရွက်။

မာရ်(ပါသက်)= မာရ်=မာရ=သတ်တတ်သောအရာ။

စော= အထွတ်အမြတ်။

နီတိ(ပါ)= ဆောင်တတ်သော တရားအဆုံးအမ။

အလှိုင်း(ပေါ)= လှိုင်း=များသည်။

မာတိကာ(ပါ)= အဓိကဖြစ်သော စာခေါင်းစဉ်များ။ (အမိသည် သားသမီးများကို ပွါးစေသကဲ့သို့ စာပေအကြောင်းအရာများကို ပွါးလာစေ(ဝါ) ကျယ်ပြန့်လာစေသော (ဝါ) ကျယ်ပြန့်လာစေသော အဓိကအကြောင်းအရာ ခေါင်းစဉ်ကို မာတိကာဟု ခေါ်သည်)

သွပ်= ပေါ့သည်။

ပဇာ(ပေါ)= ဘယ်မှာဘာ။

ခင်ပွန်း= ရင်းနှီးသောမိတ်ဆွေ။

ရမ္မက်(ပေါ)= လောဘ၊ တဏှာ။

ဇမ္ဗူ(ပါ)= တောင်ကျွန်း၊ ဇမ္ဗူသပြေပင်ပေါက်ရောက်ရာ မြင်းမိုရ်တောင်၏ တောင်ဖက်ရှိကျွန်း။

ထက်ချည်း(ပေါ)= အလျှဉ်းမရှိ။

သိန္နေ(သိနေ)= ဖြည်းဖြည်း။

ဗျာဒိတ်(ပါသက်)= မြွက်ကြားသောစကား။

ဥပဇ္ဈာယ်(ပါသက်)= တပည့်ကို လိမ္မာအောင် အနီးကပ်၍ဆုံးမနိုင်သော ဆရာကောင်း။

ကြောင်(ပေါ)= ကွက်တိကွက်ကျား မညီမညွတ်။

ဓမ္မခန်(ပါသက်)= တရားအစု။

ပရမတ်(ပါသက်)= မုချဆတ်ဆတ်မှန်ကန်သော တရားသဘော။

ထောမနာ(ပါ)= ချီးမွမ်းပြောဆိုခြင်း။

ယာမ်(ပါသက်)= အချိန်အပိုင်းအခြား။

နဝရတ်(ပါသက်)= နဝ+ရတနာ=ရတနာကိုးပါး။

သလွန် (ပေါ)= အခြားသောနေရာတို့ထက် သာလွန်သောအိပ်ရာ,နေရာ။

အမှာ (၁) ပါ=ပါဠိ။
ပါသက်=ပါဠိမှ ဆင်းသက်စကား။
ပေါ=ပေါရာဏ(ရှေး)စကား။

(၂) အထက်ပါတို့ကို နမူနာပြု၍ အခြားသော စကားလုံးခက်များ၏ အဓိပ္ပာယ်ကို ဆရာလုပ်သူတို့က ပြောပြသင်ကြားမှတ်သားစေရန်ဖြစ်ပါသည်။

370/4-70
A1MMGB017798

## ဂိုဏ်းပေါင်းစုံ ပရိယတ္တိပညာရေး

## မူ ၄-ချက်

၁။ ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်စေခြင်း၊

၂။ ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း၊

၃။ ပါဠိဘာသာ တတ်မြောက် ကျွမ်းကျင်စေခြင်း၊

၄။ မြန်မာစာပေ အရေးအသား တော်စေခြင်း။

(မှတ်တမ်းမှ)